# ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှု

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများ

*Nathalie Ebead (နာတာလီ အီဘိဒ်) နှင့် မသန်စွမ်းသူများ ခွင့်တူညီမျှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ((MCERP) တို့ ရေးသားပြုစုသည်။*

## အကျဉ်းချုပ်ဖော်ပြချက်

ဤစာတမ်းတိုတွင် အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံတွင် မသန်စွမ်းသူ (PWD) များ အကျုံးဝင်ပါဝင်မှုရှိစေရေး မဟာဗျူဟာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ဆဲ အကူးအပြောင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်လျက်လေ့လာဆွေးနွေးထားပါသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီနှင့် ယင်းနောက်ပိုင်း မသန်စွမ်းသူများရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုအခက်အခဲများကို မသန်စွမ်းသူများအား ပံ့ပိုးမှုပေးရာတွင် ကြားကာလ အစိုးရအဖွဲ့အစည်းများ ကြုံတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲများနှင့်တကွ အလေးပေးဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ကြားကာလအစိုးရအဖွဲ့အစည်းများတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှု မည်မျှရှိကြောင်းနှင့် မသန်စွမ်းသူများရေးရာဆိုင်ရာ နိုင်ငံတကာဥပဒေမူဘောင်ကိုထောက်ရှုလျက် မသန်စွမ်းသူများ ပါဝင်ရေးနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) တွင် မည်သို့ဖော်ပြထားကြောင်း လေ့လာဆန်းစစ်ထားပါသည်။ ဤစာတမ်းအား ၂၀၂၃ ခုနှစ်က ပြုလုပ်ခဲ့သော မသန်စွမ်းသူများ၊ မသန်စွမ်းသူများနှင့်အတူ လုပ်ငန်းဆောင်ရွက်လျက်ရှိသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကြားကာလအစိုးရ အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းချက်များ၊ တိုင်ပင်ဆွေးနွေးမှုများ၏ရလဒ်အဖြစ် ပြုစုထားခြင်းဖြစ်ပါသည်။

ဤစာတမ်းတိုတွင် အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုရှိစေရေး မဟာဗျူဟာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ဆဲ အကူးအပြောင်း လုပ်ငန်းစဉ်နှင့် ဆက်စပ်လျက် လေ့လာဆွေးနွေးထားပါသည်။

## ၁။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံတွင် မသန်စွမ်းသူ (PWD) များ အကျုံးဝင်ပါဝင်မှုနှင့် နိုင်ငံရေးတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုအတွက် စိန်ခေါ်မှုအခက်အခဲများမှာ မည်သည်တို့နည်း။

၂၀၁၉ ခုနှစ် စစ်တမ်းကောက်ယူချက်တစ်ရပ်အရ မြန်မာနိုင်ငံလူဦးရေ ၅၄.၃၈ သန်းအနက် ၁၂.၈ % (ခန့်မှန်း ၅.၉ သန်း) သည် မသန်စွမ်းမှု ရှိပါသည်။ ယင်းတို့အနက် ၁၂.၄%

(၈၉၆,၂၄၂ ဦး) သည် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူများဖြစ်ပါသည်။ အာဏာသိမ်းမှု မတိုင်မီက မသန်စွမ်းသူ ၇၈% သည် အစိုးရထံမှဖြစ်စေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များထံမှဖြစ်စေ အကူအညီ မရရှိကြပါ။ ၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုနှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုတို့ကြောင့် မသန်စွမ်းသူအရေအတွက် ပိုမိုများပြားလာပြီး ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲအခြေအနေမှာ ပိုမိုဆိုးဝါးလာပါသည်။ မသန်စွမ်းသူ ၂.၃ သန်းမှာ ချို့တဲ့လျက်ရှိပါသည် (UNFPA 2022; UN OCHA 2023)။ မသန်စွမ်းမှုဖြစ်ပွားခြင်းမှာ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကွာခြားပါသည်။ ချင်းပြည်နယ်တွင် ၂၁%၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတွင် ၁၇% စီ၊ မွန်ပြည်နယ်တွင် ၁၅% ရှိသဖြင့် မသန်စွမ်းမှုနှုန်းမြင့်မားပြီး မသန်စွမ်းမှုအနိမ့်ဆုံးမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် (၉% စီ) ဖြစ်ကြောင်း တွေ့ရှိရပါသည် (BNI 2022b; UN OCHA 2023)။

၂၀၁၉ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းတစ်ခုတွင် မသန်စွမ်းမှု ခြောက်မျိုးကို သုံးသပ်ခဲ့ရာ အမြင်အာရုံခက်ခဲခြင်းသည် (၆.၃ %ဖြင့်) အများဆုံးကြုံတွေ့ရသည့် အမျိုးအစားဖြစ်ပြီး လမ်းလျှောက် သို့မဟုတ် လှေကားတက်ခက်ခဲခြင်းသည် (၅.၄%ဖြင့်) ဒုတိယအများဆုံးဖြစ်ပါသည်။ ထို့နောက် မှတ်သားမှု သို့မဟုတ် အာရုံစူးစိုက်မှုခက်ခဲခြင်း (၄.၄%)၊ အကြားအာရုံခက်ခဲခြင်း (၂.၄ %)၊ ကိုယ်တိုင်စောင့်ရှောက်မှုခက်ခဲခြင်း (၁.၉ %)နှင့် နောက်ဆုံးမှာ ဆက်သွယ်ပြောဆိုမှုခက်ခဲခြင်း (၁.၆%) ဖြစ်ကြောင်း တွေ့ရပါသည်။ အမျိုးသမီးများအကြား မသန်စွမ်းမှုဖြစ်ပွားနှုန်း (၁၃.၉ %) မှာ အမျိုးသားများအကြား မသန်စွမ်းမှုဖြစ်ပွားနှုန်း (၁၁.၆ %) ထက် မြင့်မားပါသည် (BNI 2022b)။ ၂၀၂၂ ခုနှစ်တွင် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့ (International IDEA) အတွက် ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်တွင် မသန်စွမ်းသူများသည် ပြည်သူလူထုအတွင်း ဖယ်ကြဉ်ခံရမှုအများဆုံး လူအုပ်စုဖြစ်ကြောင်းနှင့် တိုင်းရင်းသား သို့မဟုတ် ဘာသာရေး လူနည်းစုများထက်ပင် နိုင်ငံရေးအသံနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင်ပါဝင်နိုင်မှု နည်းပါးကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။ ဖယ်ကြဉ်ခံရမှုနှင့် ခွဲခြားဆက်ဆံခံရမှုပုံစံများမှာ ဖူးလေးရာဖရုံဆင့်တတ်သည့် သဘာဝရှိပြီး ထိုကဲ့သို့သော လူနည်းစုအုပ်စုများတွင်လည်း ပါဝင်သည့်မသန်စွမ်းသူများသည် အခွင့်မသာမှုများ ဆထက်တိုးပိုမိုရင်ဆိုင်ကြုံတွေ့ကြရပါသည်။

၂၀၂၂ ခုနှစ်တွင် International IDEA အဖွဲ့အတွက် စစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာ မသန်စွမ်းသူများသည် ပြည်သူလူထုအတွင်း ဖယ်ကြဉ်ခံရမှု အများဆုံး လူအုပ်စုဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းအခွင့်အရေးများ ဆောင်ရွက်မှုသည် ပိုမိုကျယ်ပြန့်သော လူ့အခွင့်အရေးများလှုပ်ရှားမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းတွင် သိသာစွာအရှိန်အဟုန် မြင့်မားလာခဲ့ပါသည် (Cheesman, Skidmore and Wilson 2010)။ မသန်စွမ်းတစ်ဦးချင်းအတွက် ဝန်ဆောင်မှုများမှာ ၁၉ ရာစုမှအစပြု၍ ရရှိနိုင်သော်လည်း နာဂစ်ဖြစ်ပွားမှုအလွန်ကာလ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမို၍ပေါ်ပေါက်လာချိန်တွင် မသန်စွမ်းအခွင့်အရေးများအတွက် ပိုမို၍စုစည်းညီညွတ်စွာဆောင်ရွက်မှုများ ပေါ်ပေါက်လာခဲ့ပါသည် (Saha 2011; Ware 2014)။ သမိုင်းမှတ်တိုင်ဖြစ်ရပ်မှာ မသန်စွမ်းမှုဘက်စုံစစ်တမ်းကို ၂၀၀၉ ခုနှစ်တွင် အနာကြီးရောဂါ နိုင်ငံတကာအဖွဲ့က လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက် ကောက်ယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤစစ်တမ်းသည် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ ရင်ဆိုင်

ကြုံတွေ့ရသည့် စနစ်ပိုင်းဆိုင်ရာ တစ်ပန်းရှုံးမှုများကို မီးမောင်းထိုးဖော်ပြနိုင်ခဲ့ပြီး အမျိုးသား အဆင့် ဆွေးနွေးမှုနှင့် မူဝါဒအပြောင်းအလဲဖြစ်စေရန် အထောက်အကူပြုခဲ့ပါသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းအခွင့်အရေး စံနှုန်းများကို မြန်မာနိုင်ငံက လက်ခံကျင့်သုံးခြင်း အထူးသဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD) ကို အတည်ပြုခဲ့ခြင်းမှာ အလှည့်အပြောင်းတစ်ရပ်ဖြစ်ပါသည်။[၁] ဆက်လက်၍ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခြေအနေကို ထိရောက်စွာတိုးတက်ကောင်းမွန်စေရေးအတွက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီဝင်များအနက် မသန်စွမ်းသူကိုယ်စားပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များကို ကိုယ်စားပြုသူများ၊ စေတနာ့ဝန်ထမ်းလည်း ပါဝင်ပါသည်။ ယင်းဥပဒေပြုလုပ်ငန်းအဆင့်များနှင့် အဖွဲ့အစည်းဖွဲ့စည်းတည်ထောင်ခြင်းများသည် မသန်စွမ်းအခွင့်အရေးများကို ပိုမိုကျယ်ပြန့်သော အမျိုးသားလုပ်ငန်းစဉ်အတွင်း ပေါင်းစည်းထည့်သွင်းဆောင်ရွက်ရာ၌ အထူးအရေးပါပါသည်။ မသန်စွမ်းမှုဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအသီးသီးတွင် တစ်ပေါင်းတည်းစတင်ထည့်သွင်းဆောင်ရွက်လာကြပြီး လူမှုဖူလုံရေးဥပဒေ (၂၀၁၂ ခုနှစ်)၊ အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ဒေသနှင့် အမျိုးသား လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ (Republic of the Union of Myanmar 2014) တို့သည် ထိုသို့ဆောင်ရွက်လာခြင်း၏ သာဓကအထောက်အထားများဖြစ်သည်။ ထို့အပြင် မြန်မာ့ရေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ (၂၀၁၄ ခုနှစ်) နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရေး၏ တစ်စိတ်တစ်ဒေသအဖြစ် (၂၀၁၂ နှစ်မှ ၂၀၁၅ ခုနှစ်အထိ) ဆောင်ရွက်ခဲ့သည့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များတွင်လည်း ဤသို့ အကျုံးဝင်ပါဝင်နိုင်မှု စတင်၍ ထင်ဟပ်ပေါ်လွင်လာခဲ့ပါသည်။ အခြား ထင်ရှားသောအောင်မြင်မှုမှတ်တိုင်များမှာ ၂၀၁၄ ခုနှစ်ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် မြန်မာနိုင်ငံ အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းရေးမဟာဗျူဟာ (၂၀၁၈ ခုနှစ်-၂၀၂၂ ခုနှစ်) ရေးဆွဲခြင်းတို့တွင် မသန်စွမ်းသူများ သတ်မှတ်ဖော်ထုတ်ရေး ထည့်သွင်းဆောင်ရွက်ခဲ့ခြင်း၊ ထိုမှတဆင့် သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေး အမျိုးသားမဟာဗျူဟာရေးဆွဲရေး ဆွေးနွေးရာတွင် 'အားလုံးအသုံးပြုနိုင်စေရေး' ('accessible-for-all') မဟာဗျူဟာကို ထည့်သွင်းဆွေးနွေးလာခြင်းတို့ဖြစ်ပါသည်။

ယင်းသို့ တိုးတက်မှုများ ရှိလင့်ကစား ၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်းမှုပြီးနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်မှုများ သိသာစွာပြတ်တောက်သွားခဲ့ပါသည်။ စစ်တပ်သည် နိုင်ငံတော်၏ အဓိက အဖွဲ့အစည်းများကို အင်အားသုံး၍ သိမ်းပိုက်နိုင်ခဲ့သော်လည်း တရားနည်းလမ်းကျသည်ဟု ရှုမြင်ခြင်းခံရသော သို့မဟုတ် ထိရောက်

၁ မြန်မာနိုင်ငံသည် UNCRPD ၏ နောက်ဆက်တွဲသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးအတည်ပြုရန် ကျန်ရှိပါသေးသည်။ ယင်း နောက်ဆက်တွဲစာချုပ်အရ မသန်စွမ်းသူများသည် မိမိတို့၏ အခွင့်အရေးများချိုးဖောက်ခံရပါက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီသို့ တိုင်ကြားနိုင်ပါမည်။

မှုရှိသော အစိုးရအုပ်ချုပ်မှုကို သုံးနှစ်ကာလကြာမြင့်သည့်တိုင် တည်ထောင်နိုင်ခြင်း မရှိဘဲ တရားဝင် လူထုကိုယ်စားပြု အဖွဲ့အစည်းများနှင့် နိုင်ငံအနှံ့ တော်လှန်ရေးလှုပ်ရှားမှုများက စစ်အုပ်ချုပ်မှုသွတ်သွင်းခြင်းကို ဆန့်ကျင်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် ကုန်ဆုံးချိန်တွင် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေ ထက်ဝက်အောက်သာလျှင် စစ်တပ်၏ တစ်နည်းနည်း ထိန်းချုပ်မှုအောက်တွင် ကျန်ရှိပါသည်။ မြန်မာနိုင်ငံသည် ယခုအခါ ပြင်းထန်သော နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် ငွေကြေးအကြပ်တည်းများကို ရင်ဆိုင်ရလျက်ရှိပါသည်။ ဤအစီရင်ခံချက် ပြုစုချိန်တွင် မြန်မာနိုင်ငံ၌ ကလေးသူငယ် ၆ သန်း အပါအဝင် လူဦးရေ ၁၈.၆ သန်းသည် လူသားချင်းစာနာရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိရာ ၂၀၂၃ ခုနှစ်ကထက် ၁ သန်း ပိုမိုများပြားလာခြင်းဖြစ်ပါသည် (UN OCHA 2023)။ ဤအခြေအနေကြောင့် မသန်စွမ်းသူများအတွက် နိုင်ငံတကာကယ်ဆယ်ရေးနှင့် လူသားချင်းစာနာရေး အဖွဲ့အစည်းများက ပေးအပ်သောဝန်ဆောင်မှုများ၊ စစ်အုပ်စု၊ ဒီမိုကရေစီ ဘက်တော်သားအုပ်စုများနှင့် ဆက်စပ်သည့် အုပ်ချုပ်မှုအဖွဲ့အစည်းများက ပေးအပ်သောဝန်ဆောင်မှုများ အပါအဝင် အခြေခံဝန်ဆောင်မှုများရယူနိုင်ရေး များစွာ အဟန့်အတား ဖြစ်လျက်ရှိပါသည်။

> **မသန်စွမ်းသူများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း အပြင်းထန်ဆုံး ထိခိုက်သူများတွင် အပါအဝင်ဖြစ်ပြီး အခွင့်အရေးများ ဆုံးရှုံးမှု၊ ပညာရေးဆုံးရှုံးမှု၊ ကျန်းမာရေးထိခိုက်ပျက်ပြားမှု၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များလျော့နည်း ကျဆင်းမှုတို့ကို ကြုံတွေ့ရလျက်ရှိပါသည်။**

ထွက်ရှိလာသော အစီရင်ခံစာများနှင့် ဆောင်ရွက်ခဲ့ပြီးသော တွေ့ဆုံမေးမြန်းခြင်းများကို ကြည့်ပါက မသန်စွမ်းသူများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း အပြင်းထန်ဆုံး ထိခိုက်သူများတွင် အပါအဝင်ဖြစ်ပြီး အခွင့်အရေးများဆုံးရှုံးမှု၊ ပညာရေးဆုံးရှုံးမှု၊ ကျန်းမာရေးထိခိုက်ပျက်ပြားမှု၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ လျော့နည်းကျဆင်းမှုတို့ကို ကြုံတွေ့ရလျက်ရှိပါသည် (BNI 2022a; International IDEA–MCERP interviews[၂] 2023; OCHA 2023)။ ထိုမျှမက အာဏာသိမ်းမှု ဖြစ်ပွားချိန်မှစ၍ မသန်စွမ်းသူများ၏ လိုအပ်ချက်များဆိုင်ရာ အချက်အလက်များရရှိနိုင်မှုနှင့် ရယူအသုံးပြုနိုင်မှုမှာ သိသာစွာလျော့နည်းကျဆင်းခဲ့ပါသည်။ မသန်စွမ်းသူများအတွက် စည်းရုံးတိုက်တွန်းမှုများမှာလည်း စစ်တပ်၏ ရန်တုံ့ပြန်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကြခြင်းကြောင့် အလွန်တရာ လျော့နည်းသွားပါသည် (UN OCHA 2023)။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားမှု အကြီးအကျယ် တိုးပွားလာခြင်း၊ မြေမြှုပ်မိုင်းများ အသုံးပြုခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်မှု နည်းပါးသည်ထက် နည်းပါးလာခြင်းတို့ကြောင့် ယခင်ကထက် မသန်စွမ်းသူများ ပိုမိုများပြားလာပါသည် (International IDEA–MCERP interviews 2023)။

မသန်စွမ်းသူများအတွက် အဓိကအရေးပါသော စိန်ခေါ်မှုအခက်အခဲများတွင် နေရပ်စွန့်ခွာရခြင်းကြောင့် သတင်းအချက်အလက်၊ ပညာရေးနှင့် အခြေခံဝန်ဆောင်မှုများ ရယူနိုင်မှု မရှိခြင်း၊ လွတ်လပ်စွာသွားလာခွင့် မရှိခြင်းကြောင့် လူ့အဖွဲ့အစည်းနှင့် ပိုမိုကင်းကွာလာခြင်းတို့ ပါဝင်ပါသည်။ အကြားအာရုံ မသန်စွမ်းသူများအတွက် လက်သင်္ကေတပြဘာသာစကား သို့မဟုတ်

---

၂ ဤစာတမ်းအတွက် အသုံးပြုခဲ့သော နည်းလမ်းများမှာ မေးမြန်းရန်မေးခွန်းများ အချို့အဝက် သတ်မှတ်ထားသည့် တွေ့ဆုံမေးမြန်းမှု ၇ ကြိမ်နှင့် အင်တာနက်မှတဆင့်ပြုလုပ်သည့် အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ် ပါဝင်ပါသည်။ ပါဝင်သူများမှာ မသန်စွမ်းသူများနှင့် ကြားကာလအစိုးရအဖွဲ့အစည်း ကိုယ်စားလှယ်များဖြစ်ပါသည်။ မေးခွန်းဖြေကြားပေးသူများ၏ မှတ်ချက်များမှာ ထိရှလွယ်သော/အတိမ်းအစောင်းမခံသော သဘောသဘာဝရှိခြင်းကြောင့် အမည်နာမများနှင့် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်စေမည့် အခြား သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

စာတမ်းထိုးသည့် ဝန်ဆောင်မှုများ၊ အမြင်အာရုံနှင့် သိမှတ်နားလည်စွမ်းရည် မသန်စွမ်းသူများ အတွက် အသံသွင်းပေးထားခြင်းများကဲ့သို့ မသန်စွမ်းသူများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်း စဉ်းစားလျက် သတင်းအချက်အလက်များ၊ ပညာရေးနှင့် အခြေခံဝန်ဆောင်မှုများ ရယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းများ အထူးသဖြင့် မရှိဘဲဖြစ်နေပါသည် (International IDEA–MCERP interviews 2023)။

မသန်စွမ်းသူများသည် ပြည်သူ့နီတိ ပညာရေးကိုလည်း သင်ယူခွင့်မရရှိဘဲ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ၊ ရွေးကောက်ပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စီစဉ်ရေးဆွဲသည့် လုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များ ရယူနိုင်မှုနှင့် ထိတွေ့မှုလွန်စွာနည်းပါးလျက် ရှိပါသည်။ အကျိုးဆက်အားဖြင့် မသန်စွမ်းသူများသည် အာဏာသိမ်းမှုအလွန် ကြားကာလအစိုးရ အဖွဲ့အစည်းများနှင့် ၎င်းတို့၏လုပ်ငန်းများအကြောင်း သိရှိမှုနှင့် သတင်းအချက်အလက်ရရှိမှု မရှိသလောက်နည်းပါးပြီး နိုင်ငံရေးဖြစ်စဉ်တွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ စီစဉ်ရေးဆွဲရေးဆောင်ရွက်ဆဲ အကူးအပြောင်းလုပ်ငန်းစဉ်တွင်လည်း မိမိတို့၏ရှုမြင်ပုံများကို ဆွေးနွေးနိုင်ခြင်းမရှိပါ (International IDEA–MCERP interviews 2023)။

မသန်စွမ်းသူများသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မသိရှိကြပါ။ အထူးသဖြင့် ပွဲအခမ်းအနားများနှင့် လှုပ်ရှားဆောင်ရွက်ချက်များတွင် ပါဝင်မှုမရှိဘဲ အဓိကအရေးပါသော ဥပဒေများ သို့မဟုတ် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) ကဲ့သို့ အရေးပါသည့် မူဝါဒစာတမ်းများဆိုင်ရာ သတင်းအချက်အလက်များလည်း မရရှိကြပါ။ လှုပ်ရှားဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (ဒီဇင်ဘာလ ၃ ရက်) ကဲ့သို့ NUG က ပြုလုပ်သော အခမ်းအနားအချို့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အချို့ကိုဖိတ်ကြားသည်ဟု အလွတ်သဘောလမ်းကြောင်းများမှ ကြားသိရကြောင်း၊ သို့ရာတွင် ဆက်သွယ်ပြောဆိုမှုမရှိခြင်းကြောင့် ပိုမိုကျယ်ပြန့်သော CSO ကွန်ရက်မှာ သတင်းမရ မသိရှိကြကြောင်း မသန်စွမ်းသူများနှင့် အတူလုပ်ငန်းဆောင်ရွက်လျက်ရှိသော CSO များက ဆိုပါသည်။ အလားတူ  အချို့ CSO များက ‘NUG သည် NGO ဥပဒေသစ်တစ်ရပ် ရေးဆွဲလျက်ရှိပြီး မသန်စွမ်းသူအဖွဲ့အစည်းများကို ဖိတ်ကြားသည်ဟု ကြားသိရကြောင်း၊ သို့ရာတွင် မည်သည့်အဖွဲ့အစည်းများ သွားရောက်ကြသည်ကို မိမိတို့မသိရှိကြောင်း' ပြောကြားပါသည် (International IDEA–MCERP interviews 2023)။  NUG ၏ ပိုမိုကျယ်ပြန့်သော မသန်စွမ်းသူများဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ မည်သူတို့ထံဆက်သွယ်စုံစမ်း မေးမြန်းသိရှိနိုင်ကြောင်းကို မသန်စွမ်းသူများအကြားတွင်လည်းကောင်း၊ မသန်စွမ်းသူများနှင့်အတူ လုပ်ငန်းဆောင်ရွက်နေသော CSO များအကြားတွင်လည်းကောင်း သတင်းအချက်အလက်ရရှိမှု နည်းပါးပါသည် - ‘မသန်စွမ်းသူတွေအတွက် လမ်းကြောင်းတစ်ခု ဖွင့်ထားတယ်လို့တော့ ကြားပါတယ်။ အန္တရာယ်ကင်းရာကိုရောက်နေတဲ့ မသန်စွမ်းသူတွေနဲ့အတူ လုပ်ငန်းဆောင်ရွက်နေတယ်၊ နိုင်ငံတကာက မသန်စွမ်းသူတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်တွေရယူတယ်လို့လည်း ကြားရပါတယ်။’ (International IDEA–MCERP interviews 2023)။

**မသန်စွမ်းသူများသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များကို မသိရှိကြပါ။ အထူးသဖြင့် ပွဲအခမ်းအနားများနှင့် လှုပ်ရှားဆောင်ရွက်ချက်များတွင် ပါဝင်မှုမရှိဘဲ အဓိကအရေးပါသော ဥပဒေများ သို့မဟုတ် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ကဲ့သို့ အရေးပါသည့် မူဝါဒစာတမ်းများဆိုင်ရာ သတင်းအချက်အလက်များလည်း မရရှိကြပါ။**

အာဏာသိမ်းမှုမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက် မသန်စွမ်းသူအမျိုးသမီးများသည် မိမိတို့၏နေအိမ်များ၊ ရပ်ကွက်များနှင့် အသိုက်အဝန်းများအတွင်း ဂျန်ဒါအခြေပြုအကြမ်းဖက်မှု ကြုံတွေ့ရမည့် အလားအလာ ပိုမိုများပြားလာပါသည်။ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှု များကိုလည်း မရယူနိုင်ဘဲ အတားအဆီးများ မကြာခဏကြုံတွေ့ရလျက်ရှိပါသည် (UNFPA 2022)။ မသန်စွမ်းသူ အမျိုးသမီးနှင့် မိန်းကလေးအများစုသည် ကျောင်းနေရန် အခွင့်အလမ်း မရရှိကြပါ။ ထို့မျှမက လူ့အဖွဲ့အစည်းအတွင်း ရှုံ့ချသတ်မှတ်ခံရခြင်းကြောင့် မသန်စွမ်းသူ အမျိုးသမီး အများအပြားအတွက် အဖွဲ့အစည်းအသီးသီး၏ အစီအမံများမှတဆင့် တရားမျှတမှု လက်လှမ်းမီရေးမှာလည်း နည်းပါးသွားပါသည် (Khum 2019)။ မြန်မာနိုင်ငံတွင် သမိုင်း တစ်လျှောက် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုပြင်းထန်ခဲ့ပြီး မိဘများက သားသမီးများ မသန်စွမ်းသည်ကို ရှက်ခြင်း၊ အသိုက်အဝန်းများက မသန်စွမ်းသူများကို အထင်အမြင်သေးခြင်း (International IDEA–MCERP interviews 2023)၊ မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေး များသည် ခွဲခြားဆက်ဆံမှုအမျိုးမျိုး ထပ်ဆင့်လျက် ရင်ဆိုင်ကြုံတွေ့ရခြင်းများ ဖြစ်ပွားပါသည် (UN Committee on the Rights of Persons with Disabilities 2019a)။

## ၂။ မသန်စွမ်းသူများအတွက် လက်ရှိနိုင်ငံတကာဥပဒေမူဘောင်နှင့် အာဏာသိမ်းမှုမတိုင်မီ ပြည်တွင်းဥပဒေမူဘောင်အရ မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်အတွက် မည်သည့် အဓိပ္ပာယ်သက်ရောက်မှုများ ရှိပါသနည်း။

မသန်စွမ်းသူများ၏အခွင့်အရေးများနှင့် သက်ဆိုင်သည့် နိုင်ငံတကာဥပဒေမူဘောင် တွင် ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) (UDHR) ပါဝင်ပါသည်။ UDHR အပိုဒ် ၂၁ တွင် 'လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့် ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်' ဟုလည်းကောင်း၊ 'လူတိုင်းတွင် မိမိနိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့်အခွင့်အရေးရှိသည်' ဟုလည်းကောင်း ဖော်ပြထား ပါသည်။ မြန်မာနိုင်ငံသည် ပြည်သူလူထုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (International Covenant on Civil and Political Rights) (ICCPR) ကို လက်မှတ်ရေးထိုး အတည်ပြုရန် ကျန်ရှိသေးသော်လည်း ICCPR အပိုဒ် ၂၅ တွင် ယင်းအခွင့် အရေးများကို ထပ်လောင်းဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် NUG က ICCPR သို့ အခြေအနေ ပေးသည်နှင့်တစ်ပြိုင်နက် ဝင်ရောက်ရန် ကတိကဝတ်ပြုလိုပါကြောင်း ဖော်ပြခဲ့ပါသည်။ မသန် စွမ်းသူများအတွက် အဓိကသော့ချက် လူ့အခွင့်အရေးစာချုပ်မှာ ၂၀၀၆ ခုနှစ် မသန်စွမ်းသူ များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD) ဖြစ်ပြီး မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကြားကာလ အစိုးရအဖွဲ့ အစည်းများသည် UNCRPD ကို လိုက်နာအကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD) နှင့် မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတို့အရ မသန်စွမ်းသူများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အများပြည်သူရေးရာများနှင့် ဘဝနေထိုင်မှု အပိုင်းကဏ္ဍအသီးသီးတွင် အခြားသူများအားလုံးနှင့် တူညီသောအခွင့်အရေးများ ရရှိခွင့်ရှိပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD) အပိုဒ် ၅ တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံများသည် မသန်စွမ်းဖြစ်ခြင်းကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုခြင်းအားလုံးကို တားမြစ်ပိတ်ပင်ရမည်ဟု ပြဋ္ဌာန်းထားပြီး အပိုဒ် ၆ တွင် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တန်းတူညီမျှမှုကို အားပေးမြှင့်တင်ရမည်ဟု ဖော်ပြထားပါသည်။ အပိုဒ် ၈ တွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၌ မသန်စွမ်းသူများနှင့် စပ်လျဉ်း၍ သိမြင်နားလည်မှုမြှင့်တင်ရန် နိုင်ငံအသီးသီးတွင်တာဝန်ရှိကြောင်း၊ တရားသေအယူ အဆများ၊ အယူအစွဲများနှင့် သူတစ်ပါး ထိခိုက်နစ်နာစေသောအလေ့အကျင့်များကို တိုက်ဖျက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အပိုဒ် ၉ တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံများသည် မသန်စွမ်းသူများကို ရုပ်ဝတ္ထုပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ မြို့ပေါ်နှင့် ကျေးလက်နယ်မြေဒေသများတွင် အများပြည်သူဝန်ဆောင်မှုများကို တန်းတူညီမျှ ရယူအသုံးပြုနိုင်စေရန်ဆောင်ရွက်ပေးရမည့် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။

အပိုဒ် ၁၁ တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံများသည် ပဋိပက္ခနှင့် လူသားချင်းစာနာရေး အရေးပေါ်ဖြစ်ရပ်များကဲ့သို့သော အန္တရာယ်ရှိသည့် အခြေအနေများတွင် မသန်စွမ်းသူများကို အကာအကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အပိုဒ် ၁၆ တွင် နိုင်ငံများသည် မသန်စွမ်းသူများကို ခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှုနှင့် မလျော်မကန်ပြုမူမှုပုံစံအားလုံးမှ အကာအကွယ်ပေးရေးအတွက် ဂျန်ဒါအခြေပြု အပိုင်းကဏ္ဍများနှင့်တကွ သင့်တော်သော ဥပဒေပြု၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ပညာပေးရေးနှင့် အခြား အစီအမံများအားလုံးဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါသည်။

အပိုဒ် ၂၄ တွင် နိုင်ငံများသည် မသန်စွမ်းသူများအတွက် အဆင့်အားလုံးတွင် လူတိုင်းအကျုံးဝင်ပညာရေးစနစ်နှင့် ဘဝတစ်သက်တာ လေ့လာသင်ယူမှုများဆောင်ရွက်ပေးရန်၊ လူသားစွမ်းရည်၊ လူ့ဂုဏ်သိက္ခာကို နားလည်သိရှိမှုနှင့် မိမိကိုယ်ကိုတန်ဖိုးထားမှုတို့ အပြည့်အဝ တိုးတက်စေခြင်း၊ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်နှင့် လူ့သဘာဝကွဲပြားခြားနားမှုများကို အလေးဂရုပြုမှု ပိုမိုခိုင်မာစေခြင်းတို့အတွက် ရည်ရွယ်ဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူများကို အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ထိရောက်စွာပါဝင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းကိုလည်း ပါဝင်စေရန် ပြဋ္ဌာန်းထားပါသည်။

အပိုဒ် ၂၅ တွင် မသန်စွမ်းသူများအနေဖြင့် အမြင့်မားဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုစံနှုန်းကို ၎င်းတို့၏ မသန်စွမ်းဖြစ်မှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခံရခြင်းမရှိစေဘဲ ရရှိခံစားခွင့်ရှိစေရန် ပြဋ္ဌာန်းထားပါသည်။

အပိုဒ် ၂၉ တွင် နိုင်ငံများသည် 'ပြည်သူ့ရေးရာ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မသန်စွမ်းသူများသည်လည်း အခြားသူများနည်းတူ ခွဲခြားမှုမရှိဘဲ တန်းတူထိရောက်ပြည့်ဝစွာ ပါဝင်

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD) နှင့် မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတို့အရ မသန်စွမ်းသူများသည် အခြားသူများအားလုံးနှင့် တူညီသော နိုင်ငံရေး၊ စီးပွားရေး အခွင့်အရေးများ ရရှိခွင့်ရှိပါသည်။**

ဆောင်ရွက်စေနိုင်သည့် ဝန်းကျင်တစ်ခု' ကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်။ ပြည်သူ့ရေးရာ ကိစ္စရပ်များ၌ ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်းကို အားပေးအားမြှောက်ပြုရမည်။ 'နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ' တွင် ပါဝင်ဆောင်ရွက်ခြင်း အပါအဝင် 'ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခြင်း၊ ရွေးကောက်ခံ ရာထူးတာဝန်များ ထမ်းဆောင်ခြင်း၊ အစိုးရအဖွဲ့၏ အဆင့်တိုင်း၌ ပြည်သူ့ရေးရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အကူအားပြုကိရိယာများနှင့် နည်းပညာအသစ်များအသုံးပြုရေးအတွက် အဆင်ပြေအောင် စီစဉ်ပေးခြင်း' ဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးကို ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားပါသည်။

UNCRPD နောက်ဆက်တွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံက အတည်မပြုရသေးပါ။ ယင်း နောက်ဆက်တွဲသဘောတူစာချုပ်အရ နောက်ဆက်တွဲသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော ကွန်ဗင်းရှင်းဝင်နိုင်ငံသည် ကွန်ဗင်းရှင်းကိုချိုးဖောက်သည်ဟု လူတစ်ဦးချင်းမှ စွပ်စွဲတိုင်ကြားလာပါက ထိုတိုင်ကြားချက်များကိုစစ်ဆေးနိုင်သည့် လုပ်ပိုင်ခွင့်ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီထံ အပ်နှင်းထားပါသည်။ နောက်ဆက်တွဲသဘောတူစာချုပ်တွင် ကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုကို အားကောင်းစေရန် ရည်ရွယ်သည့် လုပ်ထုံးလုပ်နည်းနှစ်ရပ်ကို ချမှတ်ထားပါသည်။ ပထမလုပ်ထုံးလုပ်နည်းမှာ လူတစ်ဦးချင်းအနေဖြင့် ဆက်သွယ်လိုပါက အသုံးပြုရမည့်လုပ်ထုံးလုပ်နည်းဖြစ်ပြီး အခွင့်အရေး ချိုးဖောက်ခံရကြောင်း အသနားခံလွှာတင်သွင်းတိုင်ကြားနိုင်ပါသည်။ ဒုတိယလုပ်ထုံးလုပ်နည်းမှာ စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းဖြစ်ပြီး ကွန်ဗင်းရှင်းကို စနစ်တကျ ကြီးလေးသော ချိုးဖောက်မှုများဖြစ်ပွားပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည့် အခွင့်အာဏာကို ကော်မတီအား ပေးအပ်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နောက်ဆက်တွဲသဘောတူစာချုပ်တွင်ပါဝင်ရန် လက်မှတ်ရေးထိုးအတည်ပြုပါက UNCRPD သည် မြန်မာနိုင်ငံ ပြည်တွင်းဥပဒေတွင် တိုက်ရိုက်အကျုံးဝင်ပြီး ကျင့်သုံးနိုင်မည် ဖြစ်ပါသည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများကို မြန်မာအစိုးရက အာမခံချက်ပေးရေးနှင့် အစိုးရအဖွဲ့အစည်းများသည် UNCRPD မှ ပေါ်ပေါက်လာသော တာဝန်များကို အကောင်အထည်ဖော်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ တရားရုံးများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရပါမည်။**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို မြန်မာအစိုးရက အာမခံချက်ပေးရေးနှင့် အစိုးရအဖွဲ့အစည်းများသည် UNCRPD မှ ပေါ်ပေါက်လာသောတာဝန်များကို အကောင်အထည်ဖော်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ တရားရုံးများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရပါမည်။ မသန်စွမ်းသူများ တရားမျှတမှု လက်လှမ်းမီရေးဆိုင်ရာ နိုင်ငံတကာမူများနှင့် လမ်းညွှန်ချက်များအရ တရားရုံးတွင် တရားစစ်ဆေးရာ၌ မသန်စွမ်းသူများသည် တက်ရောက်ပါဝင်ရန် အပြည့်အဝစွမ်းနိုင်ပြီး တက်ရောက်ပါဝင်ရန် အခွင့်အရေးလည်းရှိကြောင်း မြန်မာအစိုးရနှင့် အစိုးရအဖွဲ့အစည်းများက အသိအမှတ်ပြုရန်နှင့် ယင်းသို့ တက်ရောက်ပါဝင်ရေး အဟန့်အတားဖြစ်သည့် အတားအဆီးများကို ဖယ်ရှားရှင်းလင်းရန်လိုအပ်ပါသည်။ ၎င်းတွင် မသန်စွမ်းသူများကို ဥပဒေအရတောင်းဆိုမှုများ သို့မဟုတ် အယူခံတင်သွင်းခြင်းများ မပြုလုပ်နိုင်ရန် တားဆီးသည့် သို့မဟုတ် မသန်စွမ်းသူများကို စိတ်ကျန်းမာရေး သို့မဟုတ် အခြား နေရာဌာနတွင် ထိန်းသိမ်းထားရှိမှုများ ဖြစ်ပေါ်စေသည့် ဥပဒေများ၊ ကျင့်စဉ်များနှင့် တရားရုံးအမိန့်များကို ပြင်ဆင်ခြင်း အပါအဝင်ဖြစ်ပါသည်။ အခြားနည်းဖြင့် တရားမျှတမှုဆောင်ရွက်ပေးသည့်အစီအမံများကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။ ကြားဝင်ဆောင်ရွက်ပေးသူများကို အသုံးပြုခြင်းဖြင့်

မသန်စွမ်းသူများနှင့် တရားရုံးများအကြား ရှင်းလင်းစွာဆက်သွယ်ပြောဆိုရေး လွယ်ကူချောမွေ့စေနိုင်ပါသည် (UN Human Rights Special Procedures 2020)။

UNCRPD အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်စစ်ဆေးသည့် နောက်အစီအမံတစ်ရပ်မှာ ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ စာချုပ်အဖွဲ့များထံ အစီရင်ခံစာတင်သွင်းရခြင်းဖြစ်ပါသည်။ ယင်းတို့သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်ပြီးသည့် လုပ်ဆောင်ချက်များနှင့် အကောင်အထည်ဖော်မှု လစ်ဟာချက်များကို အဓိကထားပါသည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီသို့ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၉ ခုနှစ်တို့တွင် နောက်ဆုံးအစီရင်ခံစာတင်သွင်းခဲ့ပြီး ကော်မတီက ၂၀၁၉ ခုနှစ်တွင် နိဂုံးချုပ်တွေ့ရှိချက်များဖော်ပြလျက် ကိစ္စရပ်/ပြဿနာများ စာရင်းကို ထုတ်ပြန်ပေးခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ကော်မတီသည် မြန်မာနိုင်ငံအတွက် အစီရင်ခံစာမတင်သွင်းမီ ကိစ္စရပ်/ပြဿနာများ စာရင်းကို ၂၀၂၈ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ပါသည် (UN Committee on the Rights of Persons with Disabilities 2017, 2019b)။ မြန်မာနိုင်ငံမှတင်သွင်းသည့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review) (UPR) အစီရင်ခံစာများတွင်လည်း မသန်စွမ်းသူများ၏အခြေအနေကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံက နောက်ဆုံးတင်သွင်းခဲ့သည့် UPR အစီရင်ခံစာမှာ ၂၀၂၀ ခုနှစ် နိုဝင်ဘာလက ကုလသမဂ္ဂ လူ့အခွင့်အရေးများကောင်စီသို့ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ယင်းအစီရင်ခံစာကို ဆွေးနွေးခဲ့ပါသည် (UN General Assembly Human Rights Council 2020)။ ကုလသမဂ္ဂ လူ့အခွင့်အရေးများကောင်စီက အကြံပြုချက်များပေးခဲ့ပြီး ယင်းတို့တွင် ဝေးလံသောနယ်မြေဒေသများတွင် နေထိုင်လျက်ရှိသည့် မသန်စွမ်းကလေးသူငယ်များအတွက် အပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြိုးပမ်းမှုများကို ဆက်လက်၍အားဖြည့်ဆောင်ရွက်ရန်၊ လိင်မှုကိစ္စအကြမ်းဖက်မှု ပုံစံအားလုံးအပါအဝင် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုမှ အကာအကွယ်ပေးသည့် ဥပဒေမူဘောင်များ ပိုမိုအားကောင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းရာတွင် မသန်စွမ်းသူများကို ထိရောက်စွာထည့်သွင်းဆောင်ရွက်စေရန်တို့ ပါဝင်ပါသည်။ UNCRPD ကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့တွင် မသန်စွမ်းသူများ ထိရောက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်မှုနှင့် တိုင်ပင်ဆွေးနွေးမှုရှိစေရန်လည်း အကြံပြုခဲ့ပါသည် (UN General Assembly Human Rights Council 2021)။

ထိုသို့ ဥပဒေအရအာမခံချက်များရှိလင့်ကစား မသန်စွမ်းသူအများအပြားသည် ဥပဒေတွင် ပြဋ္ဌာန်းပေးထားသည့် ၎င်းတို့၏အခွင့်အရေးများကိုမရရှိဘဲ ဆုံးရှုံးနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးများကို ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို တားမြစ်သောဥပဒေ မရှိပါ။ ယင်းသို့သော ဥပဒေများမရှိခြင်းကြောင့် အလုပ်အကိုင်ရရှိမှု၊ ပညာသင်ကြားနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြည်သူ့အထောက်အကူပြုဝန်ဆောင်မှုများအပါအဝင် နိုင်ငံတော်ကပေးအပ်သည့် အခြားသော ထပ်ဖြည့်ဝန်ဆောင်မှုများ ရယူနိုင်မှုတို့အပေါ် ထိခိုက်ပါသည်။ သို့ဖြစ်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး

ဥပဒေသစ်၌ မသန်စွမ်းအမျိုးသမီးများအပေါ် လိင်မှုကိစ္စအကြမ်းဖက်မှု ပြဿနာကို အသိအမှတ်ပြု ထည့်သွင်းဖော်ပြရန် အထူးအရေးကြီးပါသည် (Khum 2019)။

ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းအပြင် နိုင်ငံတကာဥပဒေမူဘောင်နှင့် အာဏာသိမ်းမှုမတိုင်မီ ဥပဒေများအရ ဆောင်ရွက်ရမည့် တာဝန်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် ရှေ့နောက်ညီညွတ်စွာ အကောင်အထည်ဖော်ရန် အထူးအရေးကြီးပါသည်။

၁။ *ကဏ္ဍဖြတ်ကျော် စုစည်းဆောင်ရွက်မှု နည်းပါးနေခြင်း ။* မသန်စွမ်းသူများ ပါဝင်ရေးကို အမျိုးသားအဆင့် မူဝါဒချမှတ်ခြင်းမှအစပြု၍ အောက်ခြေအဆင့် ဖွံ့ဖြိုးရေးအထိ အဆင့်အသီးသီးတွင် ဆွေးနွေးကြသော်လည်း မူဝါဒရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများပါဝင်ရေးသည် အပေါ်ယံမျှသာပါဝင်ပါသည်။ မသန်စွမ်းသူများဆိုင်ရာ ကိစ္စရပ်များမှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအားလုံးတွင် တစ်သားတည်းထည့်သွင်းဆောင်ရွက်ခြင်းမဟုတ်ဘဲ သီးခြားခွဲထုတ်ထားပြီး အထူးအစည်းအဝေးများ သို့မဟုတ် ပိုမိုကျယ်ပြန့်သော ဆွေးနွေးမှုများအနက် တစ်စိတ်တစ်ပိုင်းအဖြစ်သာ ချောင်ထိုးဆောင်ရွက်ကြပါသည်။ ဤချဉ်းကပ်ပုံမှာ မသန်စွမ်းသူများပါဝင်ရေးကို အချက်အချာဦးစားပေး မသတ်မှတ်ဘဲ ဘေးပန်းလုပ်ငန်းတစ်ရပ်အဖြစ်သာ သဘောထားမိတတ်သည့် အန္တရာယ်ရှိပါသည်။

၂။ *လုပ်ငန်းစဉ်များအတွင်း တစ်ပိုင်းနှင့်တစ်ပိုင်း မဆက်စပ်ဘဲ သီးခြားစီဆောင်ရွက်နေခြင်း ။* မသန်စွမ်းသူများ ပါဝင်ရေးကို ကဏ္ဍအများနှင့်ဆိုင်သည့် အကြောင်းအရာတစ်ရပ်အဖြစ် အားပေးမြှင့်တင်ခြင်းမရှိဘဲ လုပ်ငန်းစဉ်တစ်ခုစီအတွင်း သီးခြားခွဲ၍ ဆောင်ရွက်ခြင်းမှာ ပေါင်းစည်းဆောင်ရွက်သည့် ချဉ်းကပ်ပုံမဟုတ်ဘဲ တစ်ကွဲတစ်ပြားဖြစ်နေကြောင်း ညွှန်ပြပါသည်။ ပြည်သူ့ဝန်ထမ်းဖွံ့ဖြိုးရေးမှ အခြေခံအဆောက်အဦနှင့် စီးပွားရေးမူဝါဒအထိ ဖွံ့ဖြိုးရေးအပိုင်းကဏ္ဍ အားလုံးအတွင်း မသန်စွမ်းသူများဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များကို ပေါင်းစည်းထည့်သွင်းခြင်းမပြုပါက လူ့အဖွဲ့အစည်း အပိုင်းကဏ္ဍအားလုံးတွင် အားလုံးအကျုံးဝင်ပါဝင်နိုင်ရေးနှင့် ရယူအသုံးပြုနိုင်ရေးမူများကို အပြည့်အဝဖော်ဆောင်နိုင်မည့် အခွင့်အလမ်းကို လက်လွတ်ဆုံးရှုံးရမည်ဖြစ်ပါသည်။

၃။ *ဗဟိုချုပ်ကိုင်ခြင်း ။* မသန်စွမ်းသူများ ပါဝင်ရေး ဆောင်ရွက်ရမည့်တာဝန်မှာ အာဏာသိမ်းမှုမဖြစ်ပွားမီက လူမှုဝန်ထမ်းဝန်ကြီးဌာနက ဆောင်ရွက်ရမည့်တာဝန်အဖြစ်သာ ရှိခဲ့ပါသည်။ ဤဗဟိုချုပ်ကိုင်မှုကိုကြည့်ခြင်းဖြင့် မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းများကို အုပ်ချုပ်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးရေးအပိုင်းကဏ္ဍ အသီးသီးနှင့် သက်ဆိုင်သော လုပ်ငန်းများအဖြစ် မရှုမြင်ဘဲ ပဓာနအားဖြင့် လူမှုဖူလုံရေးကိစ္စရပ်အဖြစ်သာ မသန်စွမ်းမှုကို နယ်ပယ်ကန့်သတ်၍ရှုမြင်သည်ဟု ယူဆဖွယ်ရာရှိပါသည်။ ယင်းသို့ နယ်ပယ်ကန့်သတ်၍ ရှုမြင်ပါက မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ရာတွင် အလုပ်အကိုင်၊ ပညာရေး၊ အခြေခံအဆောက်အဦနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဲ့သို့သော နယ်ပယ်များအပေါ် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုများနှင့်

မသန်စွမ်းသူများပါဝင်ခြင်းဖြင့် ရရှိလာမည့် အကျိုးဖြစ်ထွန်းမှုများကိုသတိမမူမိတော့ဘဲ ကျဉ်းမြောင်းသောချဉ်းကပ်ပုံကို ကျင့်သုံးလာနိုင်ပါသည်။

၄။ *အတူတကွတာဝန်ယူမှုမရှိခြင်း ။* မသန်စွမ်းသူများ ပါဝင်ရေးဆောင်ရွက်ရမည့် တာဝန်ကို ဝန်ကြီးဌာနအသီးသီးနှင့် ကဏ္ဍအသီးသီးအကြား အတူတကွ တာဝန်ယူမှု မရှိခြင်းမှာ မူဝါဒညှိနှိုင်းပေါင်းစပ်ရေးနှင့် အကောင်အထည်ဖော်ရေး စိန်ခေါ်မှုအခက်အခဲများကို ထင်ဟပ်ဖော်ပြပါသည်။ မသန်စွမ်းသူများပါဝင်ရေး ဆောင်ရွက်ခြင်းကို စုပေါင်းဆောင်ရွက်ရမည့် တာဝန်အနေဖြင့် ရှုမြင်မှုနှင့် ဆက်သွယ်ပြောဆိုမှုမရှိပါက ပိုမိုကျယ်ပြန့်သော အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများပါဝင်ရေး ဆောင်ရွက်မှုများမပါဝင်တော့ဘဲ ဖယ်ထုတ်ခံရမည့် အန္တရာယ်ရှိပါသည်။ ဖက်ဒရယ်ပြည်ထောင်စုဝင် ပြည်နယ်များနှင့် ဒေသန္တရအာဏာပိုင်များအနေဖြင့် ဝန်ဆောင်မှုပေးရေးလုပ်ပိုင်ခွင့်များနှင့် တာဝန်များ သိသိသာသာတိုးတက်ရရှိလာမည့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော အုပ်ချုပ်ရေးကို မြန်မာနိုင်ငံ၏ မသန်စွမ်းမှုဆိုင်ရာ မူဝါဒတွင် ထည့်သွင်းစဉ်းစားထားခြင်း မရှိသေးပါ။ နောင်အခါတွင် ပြည်နယ်နှင့် ဒေသန္တရအာဏာပိုင်များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များစွာ ပိုမိုလာမည်ဟု မျှော်မှန်းနိုင်ပါသည်။ သို့သော် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေပါ တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းဥပဒေမူဘောင်များပါ မျှော်မှန်းချက်များအတိုင်း ပြည့်မီနိုင်ရေးအတွက် စံချိန်စံနှုန်း သတ်မှတ်ခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့် နိုင်ငံတစ်ဝန်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့ မရှိမဖြစ်လိုအပ်ပါမည်။

**မသန်စွမ်းသူများ ပါဝင်ရေး ဆောင်ရွက်ခြင်းကို စုပေါင်း ဆောင်ရွက်ရမည့် တာဝန်အနေဖြင့် ရှုမြင်မှုနှင့် ဆက်သွယ်ပြောဆိုမှု မရှိပါက ပိုမိုကျယ်ပြန့်သော အမျိုးသား ဖွံ့ဖြိုးရေးနှင့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ ပါဝင်ရေး ဆောင်ရွက်မှုများ မပါဝင်တော့ဘဲ ဖယ်ထုတ်ခံရမည့် အန္တရာယ် ရှိပါသည်။**

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများပါဝင်ရေးကို အသိအမှတ်ပြုခြင်းနှင့် ဆွေးနွေးခြင်းများ တိုးတက်ဆောင်ရွက်လာခြင်းမှာ ချီးမွမ်းထိုက်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ကြားကာလ မူဝါဒရေးဆွဲ ချမှတ်ရေးလုပ်ငန်းများတွင် ယင်းမှုများကို အစမှအဆုံးတိုင် ပေါင်းစည်းထည့်သွင်းရေး ဆောင်ရွက်ချက်များမှာ များစွာပိုမိုကောင်းမွန်ရန် လိုအပ်လျက်ရှိပါသည်။ ကဏ္ဍအားလုံးနှင့် အစိုးရအဆင့်အားလုံးတွင် မသန်စွမ်းသူများပါဝင်ရေးကို ပင်မ ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်အဖြစ် ထည့်သွင်းပြီး ဝန်ကြီးဌာနအသီးသီးနှင့် အကျိုးသက်ဆိုင်ပါဝင်သူအသီးသီးက အတူတကွတာဝန်ယူရန် လိုအပ်ပါသည်။ ဤချဉ်းကပ်ပုံကို ကျင့်သုံးခြင်းဖြင့် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို ပြည့်စုံစွာနှင့် ထိရောက်စွာ ဖော်ဆောင်ပေးနိုင်ပါမည် (Soe 2019)။

## ၃။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ မူများအရ အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ထိရောက်စွာပါဝင်ရေးကို မည်သို့ ဆောင်ရွက်ရပါမည်နည်း။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democracy Charter) (FDC) ၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီကျင့်သုံးပြီး တန်းတူညီမျှ အခွင့်အရေးများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန် ဖြစ်ပါသည်။

FDC တွင် လူမျိုးမရွေး၊ ကျား-မ မရွေး၊ မသန်စွမ်းမှု သို့မဟုတ် လိင်စိတ်ခံယူမှုတို့အပေါ် မူမတည်ဘဲ မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံးအတွက် တန်းတူညီမျှအကျုံးဝင်သင့်သော အဓိကသဘောချက်မူများနှင့် လူ့အခွင့်အရေးများ ပါဝင်ပါသည် (အပိုဒ် ၂၇ အပိုင်း ၁)။ ယင်းမူများတွင် ခွဲခြားဆက်ဆံမှုမပြုရေး၊ ဂျန်ဒါတန်းတူညီမျှရေးနှင့် လူနည်းစုများကို အကာအကွယ်ပေးရေးမူများ ပါဝင်ပါသည်။ FDC ပါ လူ့အခွင့်အရေးများအနက် အပိုဒ် ၄၇ ၌ ခွဲခြားဆက်ဆံမှုမပြုရေးမူကိုဖော်ပြထားပြီး မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုမခံရစေရေး အကာအကွယ်ပေးရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အားပေးမြှင့်တင်လျက်အလေးဂရုပြုရန် ကြားကာလအစိုးရအဖွဲ့အစည်းများက ကတိကဝတ်ပြုရေးပါဝင်ပါသည်။

FDC အပိုဒ် ၁၆ (အပိုင်း ၁) တွင် မသန်စွမ်းသူများအတွက် ကော်မရှင်တစ်ရပ် (ခြားနားစွမ်းသူများ အခွင့်အရေးကော်မရှင်)[၃] အပါအဝင် သီးခြားလွတ်လပ်သော ကော်မရှင်များကို တည်ထောင်ရန်ဖော်ပြထားပါသည်။ ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်၊ ဂျန်ဒါအခြေပြုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာကော်မရှင်တို့လည်း ပါဝင်ပါသည်။

FDC ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံ၏ ကြားကာလအစိုးရအဖွဲ့အစည်းများဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အတွင်းရှိ လုပ်ငန်းဆောင်ရွက်သူများအပါအဝင် အကျိုးသက်ဆိုင်ပါဝင်သူအားလုံး၏ အခန်းကဏ္ဍကိုလည်း FDCတွင် အသိအမှတ်ပြုဖော်ပြထားပါသည်။ FDC အခန်း ၅ တွင် မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အားလုံးအကျုံးဝင် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် ထိရောက်သောမူဝါဒများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြု ဖော်ပြထားပါသည်။

FDCတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အပိုဒ် ၄၇ (အပိုင်း ၁) နှင့် အခန်း ၅ (အပိုင်း ၁) တွင်သာ အကျဉ်းဖော်ပြထားပြီး နောင်အခါ FDC ပြင်ဆင်ချက်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို တိုးချဲ့ထည့်သွင်းဖော်ပြနိုင်ပါသည်။ FDC ပါ ပြဋ္ဌာန်းချက်များသည်

---

၃ FDC တွင် 'ခြားနားစွမ်းသူများ' ဟု သုံးနှုန်းထားပါသည်။ မြန်မာဝေါဟာရ 'ခြားနားစွမ်းသူ' နှင့် အင်္ဂလိပ်ဘာသာအသုံးအနှုန်း 'differently abled' တို့မှာ အနုတ်လက္ခဏာသဘောဆောင်သော ဆက်စပ်မှုများ ရှိနိုင်ခြင်းကြောင့် UNCRPD တွင် အသုံးပြုထားသော အင်္ဂလိပ်ဘာသာအသုံးအနှုန်း 'persons with disabilities'၊ မြန်မာအသုံးအနှုန်း 'မသန်စွမ်းသူ' နှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ်သင့်ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အလေးဂရုပြုသော အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးအတွက် လည်းကောင်း၊ နောင်အခါ အားလုံးအကျုံးဝင်ပါဝင်သည့် အဖွဲ့အစည်းများ တည်ထောင်ရေးအတွက်လည်းကောင်း၊ အကူးအပြောင်းကာလတွင် မြန်မာနိုင်ငံ ကြားကာလအစိုးရအဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်း ပြဋ္ဌာန်းမည့်ဥပဒေ ပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒအစီအမံများသည် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို စာနာနားလည်မှုရှိစေရေးအတွက်လည်းကောင်း သက်ရောက်မှုများရှိပါသည်။ ဖက်ဒရယ်ပြည်ထောင်စုဝင်ပြည်နယ်များအနေဖြင့် ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများအတွက်လည်း အလားတူပင်ဖြစ်ပါသည်။ သို့ရာတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူများ၊ သက်ဆိုင်ရာ နိုင်ငံတကာ တာဝန်များနှင့် ညီညွတ်မှုရှိရပါမည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို ရည်ညွှန်းဖော်ပြသော FDC မူများကို အကောင်အထည်ဖော်ရေးအတွက် အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ ထိရောက်စွာပါဝင်ဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာ 'မိမိတို့နှင့် ပတ်သက်သည်များကို မိမိတို့မပါဘဲ မဆောင်ရွက်ရေး' ('Nothing about us without us') မူနှင့်အညီ မသန်စွမ်းသူများ၏ ရှုမြင်ပုံများကိုရယူလျက် ထည့်သွင်းပြဋ္ဌာန်းနိုင်ပါမည်။ ထို့အပြင် ကြားကာလ အစိုးရအဖွဲ့အစည်းများနှင့် အကူးအပြောင်းကာလ သို့မဟုတ် အမြဲတမ်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောင်အခါတည်ထောင်မည့် အဖွဲ့အစည်းများတွင် မသန်စွမ်းသူများ အဓိပ္ပာယ်ရှိစွာကိုယ်စားပြုပါဝင်ရန်လည်း လိုအပ်ပါသည်။ ကိုယ်စားပြုပါဝင်မှုရှိစေရန်အသုံးပြုနိုင်သည့် အစီအမံတစ်ရပ်မှာ ခွဲတမ်းများသတ်မှတ်ခြင်းကဲ့သို့သော တန်းတူရေး ဦးစားပေးအထူးစီမံဆောင်ရွက်ချက်များ ဖြစ်ပါသည်။

**အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာ 'မိမိတို့နှင့် ပတ်သက်သည်များကို မိမိတို့မပါဘဲ မဆောင်ရွက်ရေး' ( Nothing about us without us') မူနှင့် အညီ မသန်စွမ်းသူများ၏ ရှုမြင်ပုံများကို ရယူလျက် ထည့်သွင်းပြဋ္ဌာန်းနိုင်ပါမည်။**

## ၄။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံ ကြားကာလအစိုးရအဖွဲ့အစည်းများသည် မည်မျှ လူတိုင်းအကျုံးဝင်ပါဝင်မှုရှိပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို မည်မျှ သိမြင်နားလည်ပါသနည်း။


မြန်မာနိုင်ငံ၏ ကြားကာလ အမျိုးသားညီညွတ်ရေးအဖွဲ့အစည်းများ (ပုံ ၁ ကို ကြည့်ပါ) သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အတွင်းရှိ သက်ဆိုင်သူများ ပါဝင်ပါသည်။[၄] ၎င်းတို့တွင် ယခုအခါ မသန်စွမ်းသူများ လုံလောက်စွာကိုယ်စားပြုပါဝင်မှု မရှိပါ။ အထူးသဖြင့် ဝန်ကြီး ဒုဝန်ကြီး အဆင့် ခေါင်းဆောင်မှုနေရာများ၊ CRPH ကော်မတီဥက္ကဋ္ဌနေရာများ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရမည့်သူ (focal point) များ စနစ်တို့တွင်ကိုယ်စားပြုပါဝင်မှု မလုံလောက်ပါ။ ကြားကာလအစိုးရကိုယ်စားလှယ်များအားလုံးသည် ကြားကာလအစိုးရတွင်ပါဝင်သည့် မသန်စွမ်း

**မြန်မာနိုင်ငံ၏ ကြားကာလ အမျိုးသားညီညွတ်ရေးအဖွဲ့အစည်းများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH)နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) အတွင်းရှိ သက်ဆိုင်သူများ ပါဝင်ပါသည်။ ၎င်းတို့တွင် အထူးသဖြင့် ခေါင်းဆောင်မှုနေရာများ၌ ယခုအခါ မသန်စွမ်းသူများ လုံလောက်စွာ ကိုယ်စားပြုပါဝင်မှု မရှိပါ။**

၄ NUCC အတွင်း လုပ်ငန်းဆောင်ရွက်သူများတွင် CRPH ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ အထွေထွေသပိတ်ကော်မတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ အခြားရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဆောင်ရွက်သူများ၊ အမျိုးသမီးများနှင့် လူငယ်များ ပါဝင်ပါသည်။

သူများကို သိရှိကြသော်လည်း မြန်မာနိုင်ငံကြားကာလအစိုးရ အဖွဲ့အစည်းအသီးသီးတွင် မသန်စွမ်းသူများ ကိုယ်စားပြုပါဝင်ခြင်းရှိမရှိနှင့် ကိုယ်စားပြုပါဝင်သည့်အရေအတွက်ကို စနစ်တကျ မှတ်တမ်းပြုစုထားခြင်း မရှိပါ။

## ပုံ ၁ – မြန်မာနိုင်ငံ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ




*ရည်ညွှန်း* - International IDEA.

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် ကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်မှု လွယ်ကူချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC) စုစုပေါင်း ကိုးခုကို NUCC ကော်မတီဝင်များနှင့် NUG ကိုယ်စားလှယ်များ ပါဝင်လျက် ဖွဲ့စည်းထားပါသည်။ သို့ရာတွင် မည်သည့် JCC ကမှ မသန်စွမ်းသူများရေးရာ အဓိကထားဆောင်ရွက်ခြင်းမရှိပါ။

> MoHADM သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် NUG ကိုယ်စား 'မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ကတိကဝတ်များ' ကို ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအတွင်းတွင် လူသားချင်းစာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MoHADM) သည် ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲရေးများအပါအဝင် မသန်စွမ်းမှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်သော ဝန်ကြီးဌာနဖြစ်ပါသည်။ MoHADM သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ ခွင့်တူညီမျှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCERP) နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စား 'မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကတိကဝတ်များ' ကို ထုတ်ပြန်ခဲ့ပါသည် (MoHADM 2022)။ ယင်းကတိကဝတ်များတွင် မည်သည့်မသန်စွမ်းသူမျှ မကျန်ရစ်စေဘဲ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းခြင်းနှင့် ကြားကာလ အုပ်ချုပ်ရေးအဖွဲ့များ တည်ထောင်ခြင်းတွင် လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် မသန်စွမ်းသူများ တန်းတူညီမျှပါဝင်ဆောင်ရွက်မှု ရှိစေခြင်း၊

လူသားချင်းစာနာရေးအကူအညီပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ခြင်းအပါအဝင် မသန်စွမ်းသူများကို လူသားချင်းစာနာရေးကာကွယ်စောင့်ရှောက်မှု ပေးခြင်းနှင့် စီမံကိန်းရေးဆွဲရေးအတွက် မသန်စွမ်းသူများ နေထိုင်ရာ နေရာဒေသများကို မှတ်တမ်းပြုစုခြင်းနှင့် မသန်စွမ်းသူများဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းတို့ ပါဝင်ပါသည်။ MoHADM သည် မသန်စွမ်းသူများဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC) တစ်ရပ် ဖွဲ့စည်းရေး NUCC သို့ အဆိုပြုချက်တင်သွင်းရန်လည်း စဉ်းစားလျက် ရှိပါသည် (International IDEA–MCERP interviews 2023)။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားအများ ကိုယ်စားပြုပါဝင်သော အမျိုးသားကျန်းမာရေးကော်မတီကိုဖွဲ့စည်းထားပါသည်။ ယင်းကော်မတီ က FDC အပေါ်အခြေခံသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်မူ ၁၀ ရပ်ကို ပြုစုခဲ့ပါသည်။ မူ ၁၀ ရပ်အနက် ၃ ရပ်မှာ မသန်စွမ်းသူများအတွက် အတိအလင်းရည်ရွယ်ထားပြီး မသန်စွမ်းသူ များအတွက် ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး မူဝါဒများတွင်ပါဝင်စေရေး အလေးအနက်ပြု ဖော်ပြပါသည်။ telehealth ဆိုရှယ်မီဒီယာ စာမျက်နှာကဲ့သို့ အွန်လိုင်းပလက်ဖောင်းများ တည် ထောင်ထားရှိပြီး ကျန်းမာရေးဝန်ဆောင်မှုများကို မသန်စွမ်းသူများ ပိုမိုလွယ်ကူစွာရယူနိုင်ရေး အတွက် မသန်စွမ်းဆရာဝန်များက ပါဝင်ကူညီဆောင်ရွက်ပါသည် (International IDEA–MCERP interviews 2023)။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန (MoE) သည် ဖေ့ဘွတ်တွင် ‘Myanmar Basic Education Home’ Facebook စာမျက်နှာကိုလွှင့်တင်ပြီး မသန်စွမ်းသူများ အတွက် ကြားကာလပညာရေး ကြိုးပမ်းဆောင်ရွက်ပေးပါသည်။ Facebook စာမျက်နှာမှ အထူး ပညာရေး သင်ကြားပေးနည်း လက်တွေ့အကြံဉာဏ်များရယူနိုင်ပြီး စိတ်ဝင်စားဖွယ် ကာတွန်း ဇာတ်ကောင်များဖြင့် အများပြည်သူ သိမြင်နားလည်မှုမြှင့်တင်ရေး ဆောင်ရွက်ပါသည် (ပုံ ၂ ကို ကြည့်ပါ)။ ၎င်းကာတွန်းဇာတ်ကောင်များသည် မသန်စွမ်းသူများ၏ စွမ်းရည်များကို အလေး အနက်ပြုဖော်ပြပြီး ဥပမာအားဖြင့် အော်တစ်ဇင်ဖြစ်နေသူတစ်ဦး၏ စိတ်ခံစားချက် အပြောင်း အလဲကဲ့သို့သော သွင်ပြင်လက္ခဏာများကို အားသာချက်များအဖြစ် မည်သို့ ပံ့ပိုးကူညီပြောင်းလဲ နိုင်ကြောင်း ထင်သာမြင်သာဖော်ပြထားပါသည်။ အထူးလိုအပ်ချက်ရှိသော ကလေးသူငယ်များ ကို မိသားစုဝင်များက အကူအညီပေးနိုင်ပုံများကိုလည်း နည်းပေးလမ်းပြ ဖော်ပြထားပါသည်။ ပညာရေးဝန်ကြီးဌာနသည် နေအိမ်မှာပင် ပညာသင်ယူနိုင်ရေး ပိုမိုပံ့ပိုးမှုပေးရန် ကလေးသူငယ် အားလုံး၊ မိဘများနှင့် ရပ်ရွာလူထု အသိုက်အဝန်းများအတွက် သက်ဆိုင်အကျုံးဝင်သည့် လမ်းညွှန်စာအုပ်ကို ပြုစုထုတ်ဝေထားပါသည်။ ဤလမ်းညွှန်စာအုပ်တွင် မသန်စွမ်းသူများကို အထူးစောင့်ရှောက်မှုပေးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များ ပါဝင်ပါသည် (International IDEA–MCERP interviews 2023)။ သို့ရာတွင် ယင်းအရင်းအမြစ်များကိုမသန်စွမ်းသူများလည်း ရယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

**ပုံ ၂ – မသန်စွမ်းသူများနှင့် စပ်လျဉ်း၍ အများပြည်သူ အသိပညာမြှင့်တင်ရေးပုံ**




*ရည်ညွှန်း* - Myanmar Basic Education Home ၏ Facebook စာမျက်နှာ - <http://tinyurl.com/2s436s4v>, accessed 6 February 2024. ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်တွင်ကြည့်ရှုသည်။

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ၂၀၂၂ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သော ဖက်ဒရယ်ပညာရေးမူဝါဒတွင် မသန်စွမ်းသူများအတွက် ပညာရေးပါဝင်ပြီး (စာပိုဒ် ၈ တွင် ဖော်ပြထား) မသန်စွမ်းသူများအတွက် ပညာသင်ကြားနိုင်ရေးအခွင့်အလမ်းများ ကို မသန်စွမ်းမှုအလိုက် ဆောင်ရွက်ပေးရေး ကြားကာလအစိုးရ၏ အလေးအနက်ခံယူမှုကို ဖော်ပြထားပါသည်။ မသန်စွမ်းသူများ ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရက ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းလည်း ဖော်ပြထားပါသည်။ မသန်စွမ်းသူများ ဆရာဆရာမများအဖြစ်ဆောင်ရွက်နိုင်မည့် အလားအလာကိုလည်း မူဝါဒတွင် အသိအမှတ်ပြု ဖော်ပြထားပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၏ အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီး ဌာနသည် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှု တားဆီးကာကွယ်ရေး အများပြည်သူ အသိ ပညာပေးလှုပ်ရှားမှုများနှင့် လေ့ကျင့်သင်တန်းပေးမှုများကို အဓိကထားဆောင်ရွက်ပါသည်။ အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းသူများကို ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများဆောင်ရွက်ပေးပြီး အမြင်အာရုံမသန်စွမ်းသူများအတွက် ၎င်းတို့အသုံးပြုနိုင် သည့် ကွန်ပျူတာများပေးအပ်ခြင်းဖြင့် မသန်စွမ်းသူများအတွက် ကြားကာလပညာရေး ကြိုးပမ်း ဆောင်ရွက်မှုများကို ပံ့ပိုးပါသည်။ လူ့အခွင့်အရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အဓိကထားသော အသိပညာပေးလှုပ်ရှားမှုများ

ဆောင်ရွက်ရာတွင် ပိုမိုတက်ကြွသောအခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဖြစ်ပြီး မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်မှုများအား စောင့်ကြည့်စစ်ဆေးလျက် ကုလသမဂ္ဂစနစ်သို့ သတင်းပို့နိုင်ပါမည် (International IDEA–MCERP interviews 2023)။

မသန်စွမ်းသူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ၎င်းတို့ကိုခွဲခြားဆက်ဆံမှုမပြုနိုင်ရန် တားဆီးသည့် ဥပဒေပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရာတွင် လွှတ်တော်သည် အဓိကသော့ချက်အခန်းကဏ္ဍမှပါဝင်ရမည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အတွင်း နှင့် ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်များအကြား သိမြင်နားလည်မှု ရှိထားပါသည်။ CRPH နှင့် မြန်မာအမျိုးသမီးများလွှတ်တော်ကွန်ရက်တို့သည် မသန်စွမ်းသူများ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေပြုပြင်ပြောင်းလဲခြင်း၊ အများပြည်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးခြင်းတို့တွင် ပိုမိုတက်ကြွသောအခန်းကဏ္ဍမှ ဆောင်ရွက်ရမည်ဟုလည်း အသိအမှတ်ပြု ပြောကြားကြပါသည်။ CRPH ဥပဒေရေးရာနှင့် ပြည်သူ့ရေးရာကော်မတီများသည် မသန်စွမ်းသူများ၊ မသန်စွမ်းသူများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် တိုင်ပင်ဆွေးနွေးလျက် ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြုပြင်ပြောင်းလဲရေးကဲ့သို့သော ဥပဒေအဆိုပြုချက်များအတွက် ကျွမ်းကျင်မှုဖြည့်ဆည်းပေးရာတွင် အဓိကသော့ချက်အခန်းကဏ္ဍမှ ပါဝင်နိုင်ပါမည် (International IDEA–MCERP interviews 2023)။

မသန်စွမ်းသူများကို စွမ်းဆောင်မြှင့်တင်ပေးပြီး ၎င်းတို့ကို ခွဲခြားဆက်ဆံမှုမပြုနိုင်ရန် တားဆီးသည့် ဥပဒေပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် လွှတ်တော်သည် အဓိကသော့ချက် အခန်းကဏ္ဍမှ ပါဝင်ရမည်ဟု ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ကော်မတီ(CRPH) အတွင်းနှင့် ကော်မတီဝင် လွှတ်တော် ကိုယ်စားလှယ်များအကြား သိမြင်နားလည်မှု ရှိထားပါသည်။

ယခုအခါ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းကြီးများအနက် မသန်စွမ်းသူများ၏အဖွဲ့အစည်းများ သတ်သတ်မှတ်မှတ် ကိုယ်စားပြုပါဝင်မှုမရှိပါ။ ဖွဲ့စည်းတည်ထောင်နေဆဲဖြစ်သော ပြည်နယ်အဆင့် အဖွဲ့အစည်းများ (ကြားကာလပြည်နယ်ကောင်စီများ) တွင် မသန်စွမ်းသူများ မည်သည့်အတိုင်းအတာအထိ လုံလောက်စွာကိုယ်စားပြုပါဝင်မှုရှိပြီး ဤကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ကြောင်းဆုံးဖြတ်နိုင်ရန် အချိန်စောလွန်းနေပါသည်။ NUCC အတွင်းတွင်မူ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် နိုင်ငံရေးပါတီများကဲ့သို့သော လုပ်ငန်းဆောင်ရွက်သူအသီးသီးသည် မသန်စွမ်းသူများကို ပံ့ပိုးရေးတက်ကြွသောအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းကြီးများ အနက် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ သတ်သတ်မှတ်မှတ် ကိုယ်စားပြုပါဝင်မှု မရှိပါ။

ထိုင်း-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားဝန်ဆောင်မှုပေးရေး အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သော နယ်စပ်ဒေသ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (Border Health and Development Centre) သည် အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး လူငယ်နှင့်ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနနှင့်အတူ လုပ်ငန်းဆောင်ရွက်လျက် ပဋိပက္ခအတွင်း မသန်စွမ်းဖြစ်သူများအတွက် ဆေးဝါးကုသပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးပါသည်။ အထောက်အကူကိရိယာများအသုံးပြုနည်းသတင်းအချက်အလက်များနှင့် စိတ်ကျန်းမာရေးပံ့ပိုးမှုတို့ကိုလည်း ဖြည့်ဆည်းပေးပါသည်။ အသုံးပြုသည့် အရင်းအမြစ်များကို မြန်မာနိုင်ငံ မသန်စွမ်းသူများ ခွင့်တူညီမျှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCERP) က ပြုစုပေးပါသည်။

ကယားပြည်နယ်ရှိ ကရင်နီလူမျိုးများ ကာကွယ်ရေးတပ်ဖွဲ့ (Karenni Nationalities Defence Force) သည်လည်း MCERP ၏ ညှိနှိုင်းပေးမှုဖြင့် လူသားချင်းစာနာထောက်ထားရေး

နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MoHADM) နှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒဏ်ရာရရှိသော တော်လှန်ရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ထူထောင်ရေး ပံ့ပိုးပေးပါသည်။ ကရင်နီပြည်နယ်အတိုင်ပင်ခံကော်မတီနှင့် ကော်မတီ၏ မဟာဗျူဟာ လမ်းညွှန်မှုအောက်ရှိ ကြားကာလအမှုဆောင်ကော်မတီတို့သည် ကော်မတီအသီးသီး (ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ စသည်) ဖွဲ့စည်းလျက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Karenni National Progressive Party) (KNPP) နှင့်အတူတကွ မသန်စွမ်းသူများကို ပံ့ပိုးမှုပေးရေး စတင်ဆွေးနွေးလျက်ရှိပါသည်။ ယင်းဆွေးနွေးမှုများတွင် IDP စခန်းများ (ပြည်တွင်းနေရပ် စွန့်ခွာရသူများကိုထားရှိသည့်စခန်းများ) တွင် သုံးသပ်ချက်များ ဆောင်ရွက်ရေး ပါဝင်ပါသည်။ သို့သော် ယင်းသုံးသပ်ချက်များကို နည်းနာကောင်းများဖြင့် အပြည့်အဝစနစ်တကျ ဆောင်ရွက်နိုင်ဖွယ်ရာမရှိပါ။

ယခုအခါ ကရင်နီတပ်မတော် (Karenni Army) နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှစ်ဖွဲ့လုံးက ၎င်းတို့၏ အခြေစိုက်စခန်းတွင် ဒဏ်ရာမပြင်းထန်သော မသန်စွမ်းသူများကို ပံ့ပိုးမှုပေးပြီး အချို့ဖြစ်ရပ်များတွင် ဒဏ်ရာပြင်းထန်သူများကို နယ်စပ် ထိုင်းဘက်ခြမ်းသို့ ပို့ဆောင်ပေးပါသည်။ သို့သော် ၎င်းတို့တွင် စနစ်တကျ ချိတ်ဆက်ထောက်ကူပေးသော စနစ်မရှိပါ။ ပဋိပက္ခကြောင့် ထိခိုက်သော မသန်စွမ်းသူများကိုကုသပေးပြီး ပြန်လည်ကောင်းမွန်သွားသောအခါ ၎င်းတို့အတွက် အရင်းအမြစ်များနှင့် ဆက်လက်ဆောင်ရွက်ပေးနိုင်မည့်လမ်းကြောင်းများလည်း အလွန်အမင်း ချို့တဲ့လျက်ရှိပါသည်။ မသန်စွမ်းသူများသည် ပြန်လည်ထူထောင်ရေး ပံ့ပိုးမှုနှင့် ဆေးဝါးကုသမှု အကူအညီသာမက စိတ်ကျန်းမာရေးပံ့ပိုးမှုနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများလည်း အထူးလိုအပ်လျက်ရှိပါသည်။

အာဏာသိမ်းမှု ဖြစ်ပွားချိန်မှစ၍ အမျိုးသားအဆင့် ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများကိုပံ့ပိုးမှုပေးရန် ကြိုးပမ်းဆောင်ရွက်လင့်ကစား လုံခြုံရေးအခြေအနေကြောင့် မသန်စွမ်းသူများ၏အခြေအနေနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များကောက်ယူရန်ခက်ခဲခြင်း၊ ရယူအသုံးပြုနိုင်မည့် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ သို့မဟုတ် အခြေခံအဆောက်အဦတို့ကို ထိရောက်စွာဖြည့်ဆည်းပေးရန် လူ့စွမ်းအားနှင့် ငွေကြေးအရင်းအမြစ်များ မပြည့်စုံခြင်းနှင့် ဝန်ကြီးဌာနများ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီအကြားတွင် လည်းကောင်း၊ ပြည်နယ်/ဒေသန္တရအာဏာပိုင်များနှင့် ပြည်ထောင်စုအဆင့်အကြားတွင်လည်းကောင်း ဆက်သွယ်ပြောဆိုမှုနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု မရှိခြင်းအပါအဝင် စိန်ခေါ်မှုအခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD) တွင် ဖော်ပြထားသည့် နိုင်ငံတကာ ဥပဒေမူဘောင်နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ပါ မူများအရ မသန်စွမ်းသူများအတွက် မြန်မာနိုင်ငံ၏ တာဝန်များနှင့် စပ်လျဉ်းသည့် အဓိပ္ပာယ်သက်ရောက်မှုများကို သိရှိနားလည်မှု နည်းပါးနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ ကြားကာလအစိုးရအဖွဲ့အစည်းများအတွင်း မသန်စွမ်းသူများနှင့်အတူ မသန်စွမ်းသူများအတွက် မည်သို့လုပ်ငန်းဆောင်ရွက်သင့်ကြောင်း သိမြင်နားလည်မှု၊ အသိပညာနှင့် စာနာထောက်ထားမှုတို့မှာ အခြေခံအဆင့်သာရှိပြီး မသန်စွမ်းသူများအား သတင်းအချက်လက်များ သို့မဟုတ် FDC ကဲ့သို့ အဓိကအရေးပါသော စာရွက်စာတမ်းများကို ၎င်းတို့ရယူ

အသုံးပြုနိုင်သည့် ပုံစံဖြင့် စာဖြင့်ရေးသားဖော်ပြပေးမှု၊ ပြည်သူ့အသံရုပ်မြင်သံကြား (PVTV) ကဲ့သို့ အရေးပါသော မီဒီယာဌာနများ သို့မဟုတ် ဆိုရှယ်မီဒီယာတို့မှ သတင်းအချက်လက် ရယူနိုင်မှုတို့မှာ နည်းပါးပါသည်။ လူနည်းစုဘာသာစကားများ၊ ရိုဟင်ဂျာကဲ့သို့သော ဖယ်ကြဉ်ခံအသိုက်အဝန်းများအတွက်ဆိုပါက ပိုမို၍ပင်နည်းပါးပါသည်။

နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ထိရောက်စွာပါဝင်လာရေး၊ မသန်စွမ်းသူများ စွမ်းဆောင်နိုင်မည့် ပတ်ဝန်းကျင် ဖန်တီးရေး၊ မူဝါဒစာရွက်စာတမ်းများနှင့် မြေပြင်တွင် ထိရောက်စွာ အကောင်အထည်ဖော်မှု ချိတ်ဆက်စေရေးတို့အတွက် လက်ရှိကြားကာလတွင်လည်းကောင်း၊ အနာဂတ်ကာလတွင်လည်းကောင်း များစွာပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

## ၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် မသန်စွမ်းသူများပါဝင်မှု မြှင့်တင်ရေး မဟာဗျူဟာများ

ဤအပိုင်းတွင် မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပါဝင်ပြီး တန်းတူညီမျှဖြစ်သော နိုင်ငံရေးပါဝင်ဆောင်ရွက်မှု ဖြစ်စေမည့် မဟာဗျူဟာများကို အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ကြားကာလအစိုးရ အဖွဲ့အစည်းများအနေဖြင့်စဉ်းစားနိုင်ရန် အကျဉ်းဖော်ပြထားပါသည်။

### ၅-၁ ကိုယ်စားပြုမှုနှင့် တိုင်ပင်ဆွေးနွေးမှု

ပြည်နယ်နှင့် ဒေသန္တရအဆင့်များအပါအဝင် မြန်မာနိုင်ငံ ကြားကာလ အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းများ၏ခေါင်းဆောင်ပိုင်းတွင် မသန်စွမ်းသူများ၏ အသံနှင့် ရှုမြင်ပုံများ ကိုယ်စားပြုပါဝင်ရေးဆောင်ရွက်ရန် လိုအပ်ပါသည်။ အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာရန် ဆက်လက်၍ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားကာလနှင့် အနာဂတ် ဒီမိုကရေစီအဖွဲ့အစည်းများ တည်ထောင်ခြင်းတို့တွင်လည်း အလားတူကိုယ်စားပြုပါဝင်စေရန် ဖြစ်ပါသည်။ ဤသို့ပါဝင်ခြင်းဖြင့် FDC မူများနှင့် အနာဂတ်အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းမည့် လူ့အခွင့်အရေးများတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကိုလည်း အသိအမှတ်ပြုပြဋ္ဌာန်းရန် ဆောင်ရွက်နိုင်ပြီး ကြားကာလနှင့် နောင်အခါ ဖွဲ့စည်းမည့် အစိုးရအဖွဲ့အစည်းများ အဆင့်အားလုံးတွင်လည်း စွမ်းဆောင်နိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှု တိုးတက်များပြားစေရေးဟူသော အုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် သက်ရောက်မှုများကို သိရှိနားလည်စေမည်ဖြစ်သည်။ သို့ဖြင့် ပြုပြင်ပြောင်းလဲရေးလည်းဆောင်ရွက်နိုင်ပြီး တည်ဆဲမသန်စွမ်းသူများဆိုင်ရာဥပဒေများနှင့် အမျိုးသားအဆင့် မူဝါဒမူဘောင်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့်အပြင် UNCRPD အရ မြန်မာနိုင်ငံက ဆောင်ရွက်ရမည့် နိုင်ငံတကာတာဝန်များကိုလည်း ပိုမို၍လိုက်နာဆောင်ရွက်နိုင်ပါမည်။

ပြည်နယ်နှင့် ဒေသန္တရအဆင့်များ အပါအဝင် မြန်မာနိုင်ငံ ကြားကာလ အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းများ၏ ခေါင်းဆောင်ပိုင်းတွင် မသန်စွမ်းသူများ၏ အသံနှင့် ရှုမြင်ပုံများ ကိုယ်စားပြုပါဝင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

မသန်စွမ်းသူများ ကိုယ်စားပြုပါဝင်မှု တိုးတက်မြင့်မားလာစေရန် အသုံးပြုနိုင်သည့် အစီအမံနှင့် နည်းလမ်းကိရိယာ အမျိုးမျိုးရှိပါသည်။ ယင်းတို့ကို ကျင့်သုံးရာတွင် မသန်စွမ်းသူများ၏ရှုမြင်ပုံဖြင့် အဓိပ္ပာယ်ကောက်ယူဆန်းစစ်ရန် လိုအပ်ပါသည်။ နောင်အခါ ဖွဲ့စည်းတည်ထောင်မည့် အဖွဲ့အစည်းများတွင် မသန်စွမ်းသူများအတွက် ခွဲတမ်းများကို ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ခြင်း သို့မဟုတ် ဆန္ဒအလျောက် ခွဲတမ်းထားရှိပေးခြင်းကဲ့သို့သော တန်းတူရေးအထူးစီမံဆောင်ရွက်ချက် (affirmative action) အစီအမံများ ပါဝင်နိုင်ပါသည်။ ခွဲတမ်းများရှိပါက မသန်စွမ်းသူများသည် နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပိုမို၍ပါဝင်နိုင်ပြီး မိမိတို့အသိုက်အဝန်းများအတွင်း ခေါင်းဆောင်များဖြစ်လာနိုင်ရန် စွမ်းဆောင်နိုင်ပါမည်။ ခွဲတမ်းများမှာ ဥပဒေအရပြဋ္ဌာန်းသတ်မှတ်သည့် ကိုယ်စားလှယ်လောင်းအရေအတွက် ခွဲတမ်းများ၊ သီးသန့်ကိုယ်စားလှယ်နေရာများ၊ ပါတီများက မိမိတို့ဆန္ဒအလျောက် သတ်မှတ်သည့် ခွဲတမ်းများ သို့မဟုတ် ပါတီစာရင်းများတွင် ရှေ့နောက်စီစဉ်မှု စည်းမျဉ်းသတ်မှတ်ချက်များ အပါအဝင် ခွဲတမ်းအမျိုးအစား အမျိုးမျိုးရှိပါသည်။ ယင်းတို့ကို အသုံးပြုခြင်းဖြင့် မသန်စွမ်းသူများသည် ရွေးကောက်ပွဲများတွင် ပိုမို၍ပါဝင်ယှဉ်ပြိုင်အရွေးခံနိုင်ခြင်း၊ ပိုမို၍ ရွေးကောက်တင်မြှောက်ခံရခြင်းများ ဖြစ်လာနိုင်ပါသည်။ ခွဲတမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းသည်ဖြစ်စေ၊ ဥပဒေများဖြင့် ပြဋ္ဌာန်းပေးသည်ဖြစ်စေ၊ ပါတီများ သဘောတူညီချက်ဖြင့် သတ်မှတ်သည်ဖြစ်စေ အဆုံးစွန်တွင် ဆုံးဖြတ်ချက်ချမှတ်သူများက ခွဲတမ်းသတ်မှတ်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် အကောင်းဆုံးကိုက်ညီမှုရှိရန် လိုအပ်ပါသည် (Global Disability Rights Now 2017)။

အခြားအစီအမံများအနေဖြင့် ဥပဒေများ သို့မဟုတ် မူဝါဒများ ရေးဆွဲနေချိန်တွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အတွင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အတွင်း သို့မဟုတ် ဝန်ကြီးဌာနများအတွင်း မသန်စွမ်းသူများဆိုင်ရာ အမြဲတမ်း သို့မဟုတ် အထူး အတိုင်ပင်ခံအဖွဲ့များကို မသန်စွမ်းသူများ၊ မသန်စွမ်းသူများနှင့်အတူ လုပ်ငန်းဆောင်ရွက်လျက်ရှိသော CSO များ၊ ကျွမ်းကျင်သူများ ပါဝင်လျက် ဖွဲ့စည်းခြင်း၊ အစိုးရဝန်ထမ်းများနှင့် ကြားကာလအစိုးရ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုသည် မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် မသန်စွမ်းသူများ ကြုံတွေ့ရသော စိန်ခေါ်မှု အခက်အခဲများကို စာနာနားလည်မှုရှိစေရန် ကြားကာလအစိုးရ အဖွဲ့အစည်းများတွင် မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သူ (focal point) များ ဖွဲ့စည်းသတ်မှတ်တာဝန်ပေးခြင်း၊ စသည်တို့ ဆောင်ရွက်နိုင်ပါသည်။ ပြည်ထောင်စုအဆင့်တွင် မသန်စွမ်းသူများဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC) ဖွဲ့စည်းမည့် အစီအစဉ်သည်လည်း ကောင်းမွန်သော ပထမခြေလှမ်းဖြစ်ပါသည်။

စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြားကာလအစိုးရအဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများကို ဖော်ထုတ်ဆန်းစစ် မှတ်တမ်းတင်လျက် လုပ်ငန်းအတိုင်းအတာကိုသတ်မှတ်ပြီး အဖွဲ့အစည်းအမျိုးအစား အသီးသီးကို ကွဲပြားစွာသိရှိရန် အရေးကြီးပါသည်။ ထို့အပြင် ကြားကာလအစိုးရအဖွဲ့အစည်းများသည် ပြည်နယ်နှင့် ဒေသန္တရအဆင့်များနှင့်တကွ မိမိတို့အဖွဲ့အစည်းများအတွင်း မည်သည့်အဆင့်များ၊ မည်သည့်ရာထူး

နေရာများတွင် မသန်စွမ်းသူများ ကိုယ်စားပြုပါဝင်ပြီး ရှိမရှိ အရေအတွက်မည်မျှ ပါဝင်ကြောင်း သိရှိရန် မူလပကတိအခြေအနေ အကဲဖြတ်ဆန်းစစ်ချက် (baseline assessment) ပြုလုပ်သင့်ပါသည်။ ယင်းအကဲဖြတ်ဆန်းစစ်ချက်ကိုအခြေခံ၍ ကြားကာလအစိုးရ ခေါင်းဆောင်ပိုင်းနှင့် အဖွဲ့အစည်းများအတွင်း မသန်စွမ်းသူများကိုခန့်အပ်ရေးနှင့် မသန်စွမ်းသူများပါဝင်ရေး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါမည်။

## *ဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး*

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ ဖော်ပြရန်နှင့် မသန်စွမ်းသူများသည် အခြားနိုင်ငံသားများအားလုံး နည်းတူ တူညီသောအခွင့်အရေးများ ရှိစေရန် ဆောင်ရွက်သင့်ပါသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ရှင်းလင်းစွာဖော်ပြရန်နှင့် မသန်စွမ်းသူများသည် အခြားနိုင်ငံသားများအားလုံးနည်းတူ တူညီသောအခွင့်အရေးများရှိစေရန် ဆောင်ရွက်သင့်ပါသည်။ ယင်းသို့သော ပြဋ္ဌာန်းချက်များသည် ပညာရေး၊ အလုပ်အကိုင် ခန့်အပ်မှု သို့မဟုတ် ကျန်းမာရေးစနစ်များကဲ့သို့သော အချို့ကဏ္ဍများတွင် မသန်စွမ်းသူများအတွက် အားလုံးအကျုံးဝင်မှုရှိသည့်အတိုင်းအတာအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အခွင့်အရေးပြဋ္ဌာန်းချက်များ၊ တန်းတူညီမျှမှု အပိုဒ်များနှင့် ခွဲခြားဆက်ဆံမှု မပြုရေးအပိုဒ်များကဲ့သို့သော အပိုင်းများတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုသော စကားအသုံးအနှုန်းများပါဝင်ရန် အရေးကြီးပါသည်။ ဒေသန္တရ၊ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် နိုင်ငံတော်အဆင့် အစိုးရအဆင့်အားလုံးတွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပေါင်းစည်းထည့်သွင်းဆောင်ရွက်သင့်ပါသည်။

အားလုံးအကျုံးဝင်သော ပညာရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်တွင်သင့်တင့်လျောက်ပတ်အောင်ပြုပြင်ညှိနှိုင်း ဖန်တီးပေးခြင်းများကို အထူးစီမံဆောင်ရွက်ချက်များဖြင့် အာမခံချက်ပေးရန်လည်း အရေးကြီးပါသည်။ သင့်တင့်လျောက်ပတ်အောင် ပြုပြင်ညှိနှိုင်း ဖန်တီးပေးရေးမှုသည် မသန်စွမ်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို တန်းတူညီမျှရရှိနိုင်စေရန်အစီအမံများ ဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ပါသည်။ ဥပမာ လုပ်ငန်းခွင်များတွင် မသန်စွမ်းသူများ ဝင်ထွက်သွားလာနိုင်စေရန် ဆောင်ရွက်ထားရှိခြင်း၊ စာမေးပွဲစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပေးခြင်း၊ ဝန်ထမ်းများကို အလုပ်တာဝန်ချိန်ညှိနှိုင်းခွင့်ပြုခြင်း စသည်တို့ကို အလုပ်ရှင်များအတွက် 'အခက်အခဲနှင့် စရိတ်ကုန်ကျမှု များစွာမဖြစ်စေဘဲ' ဆောင်ရွက်စေခြင်းဖြစ်ပါသည် (Heymann, Sprague and Raub 2020)။

ကမ္ဘာတစ်ဝန်း ဖွဲ့စည်းပုံအခြေခံဥပဒေများအနက် အထွေထွေ တန်းတူညီမျှမှု ပြဋ္ဌာန်းချက်များတွင် မသန်စွမ်းမှုကိုပါ ထည့်သွင်းပြဋ္ဌာန်းသည့်အရေအတွက် တိုးတက်များပြားလျက်ရှိပါသည်(Heymann, Sprague and Raub 2020)။ ဥပမာ မော်လဒိုက်နိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'လူတိုင်း ... စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်း မသန်စွမ်းမှုကြောင့် အပါအဝင် မည်သည့် ခွဲခြားဆက်ဆံရမှု အမျိုးအစားမျှမရှိစေဘဲ ဤအခန်းတွင် ထည့်သွင်းဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ရရှိခွင့်ရှိသည်' ဟု ဖော်ပြထားပါသည် (မော်လဒိုက်နိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၇ ; Heymann, Sprague and Raub 2020)။

ဘိုလစ်ဗီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'နိုင်ငံတော်သည် ပညာရေးစနစ်အတွင်း တူညီသော စုဖွဲ့ပုံ၊ မူများနှင့် စံတန်ဖိုးများဖြင့် ... မသန်စွမ်း ကလေးသူငယ်များနှင့် လူငယ်များ ဆက်လက်ပညာ သင်ကြားနိုင်ရေး အားပေးမြှင့်တင်လျက် အာမခံချက်ပေးရမည်၊ အထူးအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း တည်ထောင်ချမှတ်ရမည်' ဟု ဖော်ပြထားပါသည် (ဘိုလစ်ဗီးယားနိုင်ငံ ၂၀၀၉ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၈၅; Heymann, Sprague and Raub 2020)။

ဘရာဇီးနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'မသန်စွမ်းသူများအတွက် အထူးပညာရေးအကူအညီကို ဖြစ်နိုင်ပါက ပုံမှန်စာသင်ကျောင်းစနစ်အတွင်းတွင်' ဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးဆိုင်ရာ အခွင့်အရေးကို အကောင်အထည်ဖော်ပေးရန် အစိုးရက ကတိကဝတ်ပြုပါသည် (ဘရာဇီးနိုင်ငံ ၂၀၁၀ ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယမြောက်ပြင်ဆင်ချက်၊ ပုဒ်မ ၂၀၈; Heymann, Sprague and Raub 2020)။

မာလာဝီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'လူတိုင်း မည်သည့်ခွဲခြားမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုမှ မရှိစေဘဲ အထူးသဖြင့် ကျား-မ၊ မသန်စွမ်းမှု သို့မဟုတ် လူမျိုးအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမရှိဘဲ တန်ဖိုးတူ အလုပ်အတွက် မျှတသောလုပ်အားခနှင့် တူညီသော အခကြေးငွေ/လစာ ခံစားခွင့်ရှိစေရမည်' ) ဟု ဖော်ပြထားပါသည် (မာလာဝီနိုင်ငံ ၁၉၉၄ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၇ ခုနှစ်တွင် ပြန်လည်ပြင်ဆင်၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၁၃ (ဆ); Heymann, Sprague and Raub 2020)။

ဖီဂျီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'မည်သည့်မသန်စွမ်းမှု အမျိုးအစားရှိသူမဆို လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို ထိရောက်စွာ ရရှိခံစားနိုင်ရန် အဆောက်အအုံများ၊ အခြေခံအဆောက်အဦ၊ ယာဉ်များ၊ လုပ်ငန်းခွင် စီစဉ်ခင်းကျင်းမှုများ၊ စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို သင့်တင့်လျောက်ပတ်အောင် ပြုပြင်ညှိနှိုင်း ဖန်တီးပေးမှု ရရှိခွင့်ရှိသည်' ဟု ဖော်ပြထားပါသည် (Constitution of Fiji 2013: article 42(2) ဖီဂျီနိုင်ငံ ၂၀၁၃ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၂ (၂) ; Heymann, Sprague and Raub 2020)။

စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'အများပြည်သူအာဏာပိုင်များသည် ရုပ်ပိုင်း၊ အာရုံပိုင်းနှင့် စိတ်ပိုင်းမသန်စွမ်းသူများကို ၎င်းတို့လိုအပ်သော အထူးစောင့်ရှောက်မှုပေးခြင်းဖြင့် ကြိုတင်ကာကွယ်သော စောင့်ရှောက်မှု၊ ကုသမှု၊ ပြန်လည်ထူထောင်မှုနှင့် ဝင်ဆံ့ပေါင်းစည်းမှု ဆောင်ရွက်ပေးရေးမူဝါဒကို ကျင့်သုံးရမည်' ဟု ဖော်ပြထားပါသည် (စပိန်နိုင်ငံ ၁၉၇၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၁ တွင် ပြန်လည်ပြင်ဆင်၊ ပုဒ်မ ၄၉ ; Heymann, Sprague and Raub 2020)။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားဖယ်ကြဉ်ခံအုပ်စုများ၏ အခွင့်အရေးများနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးများကို တစ်ပေါင်းတည်း ဆောင်ရွက်ပေးရေးကိုလည်း စဉ်းစားသင့်ပါသည်။ သို့မှသာ မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးများ၊ မသန်စွမ်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ မသန်စွမ်း အမျိုးသမီးလိင်တူစုံမက်သူ အမျိုးသား

လိင်တူစုံမက်သူ လိင်တူလိင်ကွဲစုံမက်သူ လိင်ပြောင်း လိင်မရွေးချယ်သူ လိင်ရောနှင့် လိင်မစုံမက်သူ စသည်တို့ (LGBTQIA+) ၏ အခွင့်အရေးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများမှ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထင်ဟပ်ဖော်ပြနိုင်ပါမည် (Global Disability Rights Now 2018)။

ဥပဒေပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို အစားထိုးမည့် ဥပဒေတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားသင့်ပြီး ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြင်ဆင်လျက် မသန်စွမ်းအမျိုးသမီးများနှင့်မိန်းကလေးများကို ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို တားမြစ်သင့်ပါသည်။

## ၅-၂ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အစိုးရတစ်ရပ်လုံး ချဉ်းကပ်ပုံ

ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏ ဘဝနေထိုင်မှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်လုံးချဉ်းကပ်ပုံကို ကျင့်သုံးသင့်ပါသည်။ ယင်းသို့သော ချဉ်းကပ်ပုံမှာ အစိုးရဝန်ကြီးဌာနအသီးသီး၊ CRPH ရေးရာကော်မတီများ၊ JCC များနှင့် NUCC အတွင်း သက်ဆိုင်ပါဝင်သူများ၏ လုပ်ငန်းများအားလုံးအတွက် အသုံးဝင်သော ညှိနှိုင်းပေါင်းစပ်ရေးမူဘောင် ဖြစ်ပါသည်။ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့် အဖွဲ့အစည်းများနှင့်လည်း နီးကပ်စွာ ထိထိရောက်ရောက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ပါမည်။ သို့ဖြင့် မြန်မာနိုင်ငံသည် UNCRPD အရ ဆောင်ရွက်ရမည့်တာဝန်များကို အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏ ဘဝနေထိုင်မှု တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်လုံး ချဉ်းကပ်ပုံကို ကျင့်သုံးသင့်ပါသည်။

နိုင်ငံအများအပြားတွင် အစိုးရတစ်ရပ်လုံးချဉ်းကပ်ပုံကို သတ်မှတ်အကောင်အထည်ဖော်ရန် မသန်စွမ်းပါဝင်ရေး အမျိုးသားမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ကြပါသည်။ ယင်းမဟာဗျူဟာတွင် ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ မသန်စွမ်းသူများနှင့် တိုင်ပင်ဆွေးနွေးရေးအစီအမံများ သို့မဟုတ် မသန်စွမ်းသူများနှင့်အတူ လုပ်ငန်းဆောင်ရွက်လျက်ရှိသော CSO များ၏ လုပ်ပိုင်ခွင့်အသီးသီးကို အလေးဂရုပြုလျက် တစ်ချိန်တည်းမှာပင် ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ကော်မတီကဲ့သို့သော အဖွဲ့အစည်းတစ်ရပ်ကိုလည်း အစိုးရတစ်ရပ်လုံးအတွက် ညှိနှိုင်းပေါင်းစပ်ရေးအဖွဲ့အဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်ပါသည်။ မဟာဗျူဟာတွင်ကဏ္ဍအားလုံးအတွက် လုပ်ငန်းစီမံချက်နှင့် ဘဏ္ဍာရေးအစီအမံများပါဝင်နိုင်ပြီး အကောင်အထည်ဖော်မှုကို ချိန်ညှိရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ကာလလယ် ပြန်လည်သုံးသပ်ချက်နှင့် အကဲဖြတ်သုံးသပ်ချက်များကို ဆောင်ရွက်နိုင်ပါသည်။ အမျိုးသားမဟာဗျူဟာသည် ပြည်တွင်းဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကိုလိုက်နာပြီး ယင်းတို့အပေါ်အခြေခံကာ ရေးဆွဲထားခြင်းဖြစ်ပါသည်။ မသန်စွမ်းပါဝင်ရေး အမျိုးသားအဆင့် မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိသော နိုင်ငံများမှာ ဥပမာအားဖြင့် ဩစတြေးလျ၊ ကနေဒါ၊ အိုင်ယာလန်၊ နယူးဇီလန်နှင့် ယူကေနိုင်ငံများဖြစ်ပါသည်။ ယင်းတို့အနက် အချို့နိုင်ငံများမှာ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများမှာ အာဏာခွဲဝေအပ်နှင်းမှုအဆင့်များ များပြားစွာ လျှော့ချထားသော နိုင်ငံများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေး မဟာဗျူဟာ (Universal Service Strategy) ၂၀၁၈ ခုနှစ်-၂၀၂၂ ခုနှစ် မှာ အာဏာသိမ်းမှုမတိုင်မီက ရေးဆွဲခဲ့ခြင်းဖြစ်ပြီး မသန်စွမ်းသူများ အပါအဝင် နိုင်ငံသားအားလုံး အခြေခံဝန်ဆောင်မှုများ ရယူနိုင်စေရေး ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ယင်း မဟာဗျူဟာမှာ အသုံးဝင်ပြီး ယင်းအပေါ် ဆက်လက်အခြေခံတည်ဆောက်လျက် အာဏာသိမ်းမှုအလွန် အကူးအပြောင်းကာလအခြေအနေနှင့် ဆီလျော်မှုရှိစေရန် ပြင်ဆင်အသုံးပြုနိုင်ပါသည်။

## ၅-၃ သတင်းအချက်အလက်နှင့် ဆက်သွယ်ပြောဆိုမှု ရယူအသုံးပြုနိုင်စေခြင်း

> မသန်စွမ်းသူများပါဝင်ရေး စစ်မှန်မှုရှိစေရန် ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများနှင့်လည်းကောင်း၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများနှင့်လည်းကောင်း စနစ်တကျ ပွင့်လင်းသော ချဉ်းကပ်ပုံဖြင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်ပတ်သက်စေခြင်းတို့ကို အဓိပ္ပာယ်ရှိစွာ ချိန်ခါသင့် ဆောင်ရွက်သင့်ပါသည်။

မသန်စွမ်းသူများပါဝင်ရေး စစ်မှန်မှုရှိစေရန် ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများနှင့် လည်းကောင်း၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများနှင့်လည်းကောင်း စနစ်တကျ ပွင့်လင်းသောချဉ်းကပ်ပုံဖြင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်ပတ်သက်စေခြင်းတို့ကို အဓိပ္ပာယ်ရှိစွာ ချိန်ခါသင့်ဆောင်ရွက်သင့်ပါသည်။ မိမိတို့၏ အခန်းကဏ္ဍ၊ တာဝန်များနှင့် လုပ်ငန်းတို့ကို မသန်စွမ်းသူများအား ၎င်းတို့သိရှိနားလည်နိုင်သည့်နည်းလမ်းဖြင့် အချိန်ယူ၍ ရှင်းလင်းပြောကြားသင့်ပါသည်။

ယင်းသို့ဆောင်ရွက်ရန်အတွက် အဓိကအရေးပါသော ကြေညာချက်များနှင့် စာရွက်စာတမ်းများ အပါအဝင် သက်ဆိုင်ရာသတင်းအချက်အလက်များအားလုံးကို ရယူနိုင်ရန် လိုအပ်ပါသည်။ ထို့အပြင် အစိုးရ အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်များ သို့မဟုတ် ဆိုရှယ်မီဒီယာစာမျက်နှာများသည် ရယူကြည့်ရှုနိုင်သည့် ဒစ်ဂျစ်တယ်ဖော်မက်များဖြင့် ရှိရပါမည်။ လက်သင်္ကေတပြဘာသာစကား စကားပြန်များထားရှိပေးခြင်း၊ စာတမ်းထိုးဝန်ဆောင်မှုများ၊ ဖတ်လွယ်စာလုံးများနှင့် ရိုးရှင်းသောစကားအသုံးအနှုန်း၊ လက်စမ်းစာ (Braille) နှင့် အထိအတွေ့အာရုံဖြင့် ဆက်သွယ်ပြောဆိုခြင်းကဲ့သို့သော သင့်တင့်လျောက်ပတ်အောင် ပြုပြင်ညှိနှိုင်း ဖန်တီးပေးခြင်းများကိုလည်း လိုအပ်သည့်အခါ ဆောင်ရွက်ပေးရပါမည်။ ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးမှုများဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများသည် ကြားကာလအစိုးရအဖွဲ့အစည်းများအတွင်းရှိ အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး အပါအဝင် အများပြည်သူ ဆုံးဖြတ်ချက်ချမှတ်သည့် နယ်ပယ်များအားလုံးတွင် အခြားသူများနှင့် တန်းတူ ပါဝင်နိုင်စေရန်ဖြစ်ပါသည်။ ဤသို့ ပါဝင်နိုင်စေရန် ဆောင်ရွက်ရာတွင် မြန်မာဘာသာစကားအတွက် လက်သင်္ကေတပြ ဘာသာစကားအမျိုးအစားအသီးသီးနှင့် မသန်စွမ်းသူများ၏ အသိပညာအဆင့်တို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အကောင်းဆုံးအနေအထားမှာ ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပြုစုထားသည့် လက်သင်္ကေတပြဘာသာစကားကဲ့သို့ စံသတ်မှတ်ထားသော မြန်မာဘာသာ လက်သင်္ကေတပြ ဘာသာစကားကို သင်ကြားပေးပြီး ကြားကာလအစိုးရ ဆက်သွယ်ပြောဆိုမှုအားလုံးတွင် တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤနည်းဖြင့် လက်သင်္ကေတပြ ဘာသာစကား အမျိုးသားအဆင့် စံနှုန်းတစ်ရပ်ကို ချမှတ်နိုင်ပါမည်။

မသန်စွမ်းသူများ၏ ရှုမြင်ပုံများကို မသန်စွမ်းသူများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှတဆင့် ထိုက်သင့်သောအလေးဂရုပြုမှုရှိရပါမည်။ ကြားကာလအစိုးရအဖွဲ့အစည်း

များသည် ယင်းရှုမြင်ပုံများကို လုပ်ရိုးလုပ်စဉ်မျှထက် ပိုလွန်လျက် တိုင်ပင်ဆွေးနွေးမှုကို စတိသဘောမျှ ချဉ်းကပ်ပုံမဟုတ်ဘဲ ဂရုပြုနားထောင်သင့်ပါသည်။ ပြည်နယ်အဆင့် အပါအဝင် ကြားကာလအစိုးရအဖွဲ့အစည်းများသည် ယင်းတိုင်ပင်ဆွေးနွေးမှုရလဒ်များကို ထည့်သွင်းစဉ်းစားလျက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ၎င်းတို့ကို ထင်ဟပ်ပေါ်လွင်စေရန် လိုအပ်ပါသည်။ ပါဝင်ဆောင်ရွက်သူများအားလည်း လုပ်ငန်းစဉ်၏ရလဒ်ထွက်ပေါ်မှုကို တရားဝင် အသိပေးအကြောင်းကြားသင့်ပါသည်။

သတင်းအချက်အလက်များကို မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေစွာပေးအပ်နိုင်ရန် ရန်ပုံငွေလိုအပ်ပြီး ယင်းအတွက် သီးသန့် အကူအညီပေးသည့် နိုင်ငံတကာရန်ပုံငွေများ ရှိပါသည်။ ရန်ပုံငွေအပြင် အရည်အချင်းပြည့်မီသော ဝန်ထမ်းများလိုအပ်မည် ဖြစ်ပါသည်။ ယင်းလိုအပ်ချက်များကို အသိအမှတ်ပြုလျက် ကြားကာလအစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများကို ၎င်းတို့ ရယူအသုံးပြုနိုင်သည့် နည်းလမ်းဖြင့် သတင်းအချက်အလက်များပေးသည့် လုပ်ငန်းအတွက် ရန်ပုံငွေဖြည့်ဆည်းပေးရန်နှင့် လက်သင်္ကေတပြဘာသာစကားနှင့် အခြားဆက်သွယ်မှုပုံစံများ ဆောင်ရွက်နိုင်သည့် အရည်အချင်းပြည့်ဝသောဝန်ထမ်းအစုကို စုစည်းထားရှိရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ အရေးပါသော ထုတ်ပြန်ချက်များ သို့မဟုတ် အစည်းအဝေးများကို မသန်စွမ်းသူများရယူနိုင်သည့် ပုံစံဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် ပြည်သူ့အသံရုပ်မြင်သံကြား (PVTV) ကဲ့သို့သော အဓိကသတင်းဌာနများကို သတင်းအချက်အလက်များ ပိုမို၍ရယူလွယ်စေရန် အားပေးတိုက်တွန်းခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မသန်စွမ်းသူများ အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်ရေးကို တစ်ကြိမ်တည်းအပြီး လုပ်ဆောင်ချက်အဖြစ်မဟုတ်ဘဲ စဉ်ဆက်မပြတ် လုပ်ငန်းစဉ်အဖြစ် နားလည်သင့်ပါသည်။

## ၅-၄ အသိပညာမြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

ရှုံ့ချသတ်မှတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် အယူအစွဲတို့သည် မသန်စွမ်းသူများကို လူ့အဖွဲ့အစည်းနှင့် လူတစ်ဦးချင်းကရှုမြင်ပုံကို ဖော်ပြနေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်နယ်နှင့် ဒေသန္တရအဆင့်များအပါအဝင် ကြားကာလအစိုးရအဖွဲ့အစည်းများအားလုံးသည် ဝန်ထမ်းများ၏အပြုအမူနှင့် လုပ်ငန်းဆောင်ရွက်မှုတို့တွင် မသန်စွမ်းသူများကို အလေးဂရုပြုသောနည်းလမ်းဖြင့် မသန်စွမ်းသူများအပေါ် ထားရှိသောသဘောထားများကို ပြောင်းလဲရေး၊ မသန်စွမ်းသူများ၏ စွမ်းရည်နှင့် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရာယူဆချက်များမပြုလုပ်စေရေး၊ မသန်စွမ်းသူများကို ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုအခက်အခဲများနှင့် စပ်လျဉ်း၍ ရှုမြင်ပုံများနှင့် ထင်မြင်ချက်များ ထုတ်ဖော်ပြောကြားလာစေရန် အားပေးရေး ဦးတည်ချက်ထားရှိဆောင်ရွက်ရန် အရေးကြီးပါသည်။ မသန်စွမ်းသူများအပေါ် အပေါင်းလက္ခဏာသဘောဆောင်သော သဘောထားရှိစေရန် ကြားကာလအစိုးရအဖွဲ့အစည်းများအတွင်းတွင် အားပေးမြှင့်တင်ရမည်ဖြစ်ပြီး ၎င်းတို့လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထောက်ခံပံ့ပိုးကာကွယ်ကာ အားပေးမြှင့်တင်ရပါမည်။

**ပြည်နယ်နှင့် ဒေသန္တရအဆင့်များ အပါအဝင် ကြားကာလအစိုးရအဖွဲ့အစည်းများအားလုံးသည် ဝန်ထမ်းများ၏ အပြုအမူနှင့် လုပ်ငန်းဆောင်ရွက်မှုတို့တွင် မသန်စွမ်းသူများအပေါ် ထားရှိသော သဘောထားများကို ပြောင်းလဲရေး ဦးတည်ချက် ထားရှိဆောင်ရွက်ရန် အရေးကြီးပါသည်။**

ထိုသို့ဆောင်ရွက်နိုင်ရန် ကြားကာလအစိုးရအဖွဲ့အစည်းများအတွင်း အဆင့်အားလုံးတွင် မသန်စွမ်းသူများနှင့် စပ်လျဉ်းသည့် ဗဟုသုတ၊ အသိပညာနှင့် လေ့ကျင့်သင်တန်းပေးမှုရှိစေရေး အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများနှင့်အတူ မသန်စွမ်းသူများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် စာနာနားလည်မှုရှိစေရန် လိုအပ်ပါသည်။ ထို့အပြင် စီမံချက်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် ၎င်းတို့ရင်ဆိုင်ရသော စိန်ခေါ်မှုအခက်အခဲများကို လူအများစာနာနားလည်မှုရှိစေရန် မသန်စွမ်းသူများ၏ ရှုမြင်ပုံဖြင့် အဓိပ္ပာယ်ကောက်ယူဆန်းစစ်ပုံကို ပေါင်းစည်းထည့်သွင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးတို့ တက်ရောက်သင်ကြားနိုင်ရေးသည် ဤကိစ္စနှင့်စပ်လျဉ်း၍ အဓိကအရေးပါသော နည်းလမ်းကိရိယာတစ်ရပ် ဖြစ်ပါသည်။ မသန်စွမ်းကလေးငယ်များ တန်းတူညီမျှ ပညာသင်ကြားနိုင်မှသာ နောင်ကြီးပြင်းလာသောအခါ ဘဝတစ်လျှောက် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရေး အခြေခံအုတ်မြစ်ရရှိမည်ဖြစ်၍ အထူးအရေးကြီးပါသည်။ မသန်စွမ်းကလေးသူငယ်အများအပြားမှာ လုံးဝကျောင်းမနေနိုင်ကြပါ။ သို့မဟုတ် သီးခြားကျောင်းများတွင် ကျောင်းတက်ကြရပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပညာရှင်များအသိုက်အဝန်းနှင့် တက္ကသိုလ်များသည် ကျောင်းများတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင် တက်ရောက်နိုင်ရေး၊ ပြည်သူ့နီတိပညာရေးဆောင်ရွက်စဉ် အပါအဝင် ပညာရေးသင်ရိုးညွှန်းတမ်းများတွင် မသန်စွမ်းသူများ၏ ရှုမြင်ပုံဖြင့် အဓိပ္ပာယ်ကောက်ယူ ဆန်းစစ်ပုံကို ပေါင်းစည်းထည့်သွင်းရေးတို့တွင် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာရေးကိုလည်း ဆောင်ရွက်ပေးနိုင်ပါသည်။

အားလုံးအကျုံးဝင် ပါဝင်နိုင်သော စာသင်ကျောင်းများနှင့် စာသင်ခန်းများဖြစ်စေရန် မသန်စွမ်းကျောင်းသူကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိပြီး ဆရာဆရာမများလည်း လုံလောက်သော လေ့ကျင့်သင်တန်းပေးမှု ရရှိရပါမည်။ ထိုအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါသည်။ နိုင်ငံအားလုံးသည် အရည်အသွေးမြင့်၊ အားလုံးအကျုံးဝင်သော ပညာရေးတိုးတက်ကောင်းမွန်စေရန် ရန်ပုံငွေပေးအပ်ရုံမျှသာမက စီမံကိန်းရေးဆွဲခြင်း၊ ရပ်ရွာလူထုအသိုက်အဝန်းကို နှိုးဆော်ခြင်း၊ နိုင်ငံရေးဆန္ဒရှိခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ကင်ညာ၊ လာအို၊ တောင်အာဖရိက၊ တန်ဇန်နီးယား၊ ယူဂန္ဒာ၊ ဗီယက်နမ်နှင့် ဇမ်ဘီယာ ကဲ့သို့သော နိုင်ငံအသီးသီးတွင် အောင်မြင်မှုရရှိသော စီမံချက်များကို ကြည့်ခြင်းဖြင့် အားလုံးအကျုံးဝင်ပါဝင်သော ပညာရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိနိုင်ပါသည် (Mariga, McConkey and Myezwa 2014; Heymann, Sprague and Raub 2020)။

## ၅-၅ မသန်စွမ်းမှုဆိုင်ရာ အချက်အလက်ကောက်ယူခြင်း

မြန်မာနိုင်ငံသည် UNCRPD အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးရေးအတွက် အထောက်အထားအခြေပြု မူဝါဒများရေးဆွဲနိုင်ရန်နှင့် ပြည်တွင်းဥပဒေများ သို့မဟုတ်

အမျိုးသားအဆင့် မဟာဗျူဟာများတွင် ချမှတ်ထားသည့်လျာထားချက်များပြည့်မီရေး တိုးတက်ဆောင်ရွက်မှုကိုတိုင်းတာရန် မသန်စွမ်းမှုအချက်အလက်များ အထူးလိုအပ်ပါသည်။ အချက်အလက်ကောက်ယူရေးမှာ စိန်ခေါ်မှုအခက်အခဲများပြားသော လုပ်ငန်းတာဝန်ဖြစ်ပြီး အထူးသဖြင့် ပဋိပက္ခနှင့် အကြပ်အတည်းများ ဖြစ်ပွားလျက်ရှိပြီး လူသားချင်းစာနာရေး အကူအညီလိုအပ်သည့် ပကတိအခြေအနေတွင် အချိန်နှင့် စွမ်းဆောင်ရည် လိုအပ်ပါသည်။ ပိုင်းခြားစိတ်ဖြာဖော်ပြထားသည့် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များရရှိရေး နိုင်ငံများကို ပံ့ပိုးမှုပေးရန် နိုင်ငံတကာအဖွဲ့အစည်းအချို့က မူဘောင်များနှင့် နည်းလမ်းကိရိယာများ ပြုစုထားပါသည်။ ယင်းတို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် မသန်စွမ်းမှုပိုင်းခြားစိတ်ဖြာဖော်ပြရေးကိရိယာ (Functioning and Disability Disaggregation Tool (FDD11)) နှင့် ယင်း၏ မသန်စွမ်းမှုတိုင်းတာရေး အယူအဆမူဘောင် (conceptual framework to measure disability) တို့ အပါအဝင်ဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်းမှု စာရင်းအင်းများဆိုင်ရာ ဝါရှင်တန်အုပ်စု (Washington Group on Disability Statistics) က တစ်နိုင်ငံလုံးသန်းခေါင်စာရင်း ကောက်ယူခြင်း သို့မဟုတ် စစ်တမ်းကောက်ယူခြင်းတို့ ဆောင်ရွက်ရာတွင် အသုံးပြုရန် နည်းလမ်းကိရိယာများကို ပြုစုထားပြီး ယင်းနည်းလမ်းကိရိယာများကို လူသားချင်းစာနာရေး လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမို၍အသုံးပြုလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် ယင်းနည်းလမ်းကိရိယာများကို နိုင်ငံပေါင်း ၇၅ နိုင်ငံကျော်တွင် အသုံးပြုလျက်ရှိပါသည်။

မသန်စွမ်းသူများဆိုင်ရာ အချက်အလက်ကောက်ယူရာတွင် အသုံးပြုသော အချက်အလက်ကောက်ယူရေး နည်းလမ်းကိရိယာများသည် အချက်အလက်ကောက်ယူရသည့် ရည်ရွယ်ချက်နှင့် ကိုက်ညီလျက် ယင်းနည်းလမ်းကိရိယာများအလိုက် လိုအပ်သော နမူနာအရေအတွက် အလုံအလောက်ရှိစေရေး စနစ်တကျစီစဉ်၍ ကောက်ယူရန်လိုအပ်ပါသည်။ မှတ်ပုံတင်အချက်အလက်များ၊ ပြည်လုံးကျွတ်ကောက်ယူထားသော စစ်တမ်းများ သို့မဟုတ် သန်းခေါင်စာရင်းများကဲ့သို့သော ရှိရင်းအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားလျက် ဆက်လက်တည်ဆောက်သင့်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွင် မသန်စွမ်းသူများလည်း ပါဝင်ပြီး အရေးပါသော အချက်အလက် အရင်းအမြစ်တစ်ရပ်အဖြစ် မသန်စွမ်းသူများအတွက် အနာဂတ် မူဝါဒများနှင့် ဝန်ဆောင်မှုပေးရေးအတွက် ဆက်လက်တည်ဆောက် အသုံးပြုနိုင်ပါသည်။[၅] အချက်အလက် ကောက်ယူသည့်လုပ်ငန်းကို အပြည့်အစုံစတင်ဆောင်ရွက်ခြင်းမပြုမီ စမ်းသပ်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသည့် လေ့ကျင့်သင်တန်းပေးမှုရရှိထားသော တွေ့ဆုံမေးမြန်းသူများ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အချက်အလက်ကောက်ယူသည့် နည်းလမ်းကိရိယာအားလုံးမှာ မြန်မာနိုင်ငံ ပကတိအခြေအနေ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုတို့နှင့် အံဝင်ခွင်ကျစီစဉ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ဝေါဟာရအသုံးအနှုန်း သင့်တင့်လျောက်ပတ်မှုရှိစေရန် ဖြစ်ပါသည် (ပုံ ၃ ကို ကြည့်ပါ)။

---

၅ သို့ရာတွင် မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာ၌ Washington Group short set ပါ မေးခွန်းများအားလုံးကို အပြည့်အစုံအသုံးမပြုခဲ့ပါ။ အချက်အလက် ကောက်ခံသူများအား မသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆိုပုံ လေ့ကျင့်သင်တန်းပေးခဲ့ခြင်းလည်း မရှိပါ။

**ပုံ ၃ - အားလုံးအကျုံးဝင်ပါဝင်သော အချက်အလက်ကောက်ယူခြင်း**




*ရည်ညွှန်း* - United Nations Children's Fund (UNICEF), Producing Disability Inclusive Data, 20 July 2020, <https://data.unicef.org/resources/producing-disability-inclusive-data-why-it-matters-and-what-it-takes>, accessed 24 January 2024. (မသန်စွမ်းမှုအကျုံးဝင်ပါဝင်သည့် အချက်အလက်များ ရရှိရေး)

## ၅-၆ မသန်စွမ်းသူများအတွက် ဝေါဟာရနှင့် အသုံးအနှုန်း

စကားလုံးဝေါဟာရများမှာ အရေးကြီးပါသည်။ မသန်စွမ်းသူများကို ရည်ညွှန်းရန် အသုံးပြုသော အသုံးအနှုန်းများသည် လောကကိုရှုမြင်ပုံကို ပုံဖော်ပေးပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများနှင့် သို့မဟုတ် မသန်စွမ်းသူများအကြောင်း ပြောဆိုသောအခါ သင့်တင့်လျောက်ပတ်သောအသုံးအနှုန်းကို သုံးနှုန်းရေး အသိပညာမြှင့်တင်ရန်အရေးကြီးပါသည်။ မသင့်တော်သော စကားအသုံးအနှုန်းကြောင့် ကြားရသူသည် ဖယ်ကြဉ်ခံရသကဲ့သို့ ခံစားရခြင်း၊ အမျက်ထွက်ခြင်းများဖြစ်ပြီး အပြည့်အဝအဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ဘဲ အတားအဆီးဖြစ်နိုင်ပါသည်။ နှိမ့်ချခေါ်ဝေါ်ခြင်း သို့မဟုတ် မသင့်တော်သောအသုံးအနှုန်းတို့သည် ခွဲခြားဆက်ဆံရာရောက်နိုင်ပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မှုကို ထိခိုက်စေနိုင်ပါသည် (UN Office at Geneva n.d.)။

> စကားလုံးဝေါဟာရများမှာ အရေးကြီးပါသည်။ မသန်စွမ်းသူများကိုရည်ညွှန်းရန် အသုံးပြုသော အသုံးအနှုန်းများသည် လောကကို ရှုမြင်ပုံကို ပုံဖော်ပေးပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများနှင့် သို့မဟုတ် မသန်စွမ်းသူများ အကြောင်း ပြောဆိုသောအခါ သင့်တင့်လျောက်ပတ်သော အသုံးအနှုန်းကို သုံးနှုန်းရေး အသိပညာမြှင့်တင်ရန် အရေးကြီးပါသည်။

စကားလုံးဝေါဟာရများမှာ အရေးကြီးပါသည်။ မသန်စွမ်းသူများကို ရည်ညွှန်းရန် အသုံးပြုသော အသုံးအနှုန်းများသည် လောကကိုရှုမြင်ပုံကို ပုံဖော်ပေးပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများနှင့် သို့မဟုတ် မသန်စွမ်းသူများအကြောင်း ပြောဆိုသောအခါ သင့်တင့်လျောက်ပတ်သောအသုံးအနှုန်းကို သုံးနှုန်းရေးအသိပညာမြှင့်တင်ရန် အရေးကြီးပါသည်။

UNCRPD တွင် မသန်စွမ်းသူဆိုသည်မှာ 'ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း သို့မဟုတ် ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရကာ အဆိုပါ ချို့ယွင်းအားနည်းချက်များကြောင့် အခြားသူများနည်းတူ လူ့အသိုက်အဝန်းတွင်

အပြည့်အဝ ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးမျိုးသော အဟန့်အတားများကို တွေ့ကြုံခံစားနေကြရသူများ ဖြစ်သည်' ဟု ဖော်ပြထားပါသည် (United Nations 2006: article 1)။

UNCRPD တွင် 'မသန်စွမ်းသူများ' ကို ရည်ညွှန်းရာ၌ အင်္ဂလိပ်ဘာသာဖြင့် 'persons with disabilities' ဟူ၍ လူကိုရှေ့ထားသည့် အသုံးအနှုန်းကိုအသုံးပြုထားပြီး အများဆုံး လက်ခံအသုံးပြုကြသည့် အသုံးအနှုန်းလည်း ဖြစ်ပါသည်။ 'persons with disabilities' ဟူသော အသုံးအနှုန်းတွင် လူ 'persons' သည် မသန်စွမ်းမှု 'disabilities' ရှေ့တွင်ရှိပြီး လူကိုရှေ့ထားခြင်းဖြင့် လူသာပဓာနဟု အလေးအနက်ပြုပါသည်။ မြန်မာနိုင်ငံတွင် 'differently abled' (ထူးခြားသန်စွမ်းသူ) ဟူသောအသုံးအနှုန်းကို ဥပဒေဆိုင်ရာစာရွက်စာတမ်းများနှင့် ဆက်သွယ်ပြောဆိုမှုများတွင် မကြာခဏ အသုံးပြုလေ့ရှိပါသည်။ အင်္ဂလိပ်ဘာသာ ဝေါဟာရမှာ အရှုပ် အရှင်းမရှိသော်လည်း မြန်မာဘာသာ 'ထူးခြား' သည် လှောင်ပြောင်သရော်သည့်အဓိပ္ပာယ်လည်း ဆောင်နိုင်သောကြောင့် ပြဿနာရှိပါသည်။ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများက 'မသန်စွမ်း' ('persons with disabilities') ဟု ရည်ညွှန်းသုံးနှုန်းခြင်းကို ပိုမိုနှစ်သက်ကြောင်း အစိုးရအဖွဲ့အစည်းများထံ မကြာခဏဆက်သွယ်ပြောဆိုခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဝေါဟာရအသုံးအနှုန်းများလက်စွဲလမ်းညွှန်ကို စာအုပ်ငယ်တစ်အုပ်ပြုစု၍ တင်သွင်းခဲ့ပါသည် (Sedona 2019)။ တဖန် အင်္ဂလိပ်ဘာသာအသုံးအနှုန်းများတွင် လူကိုရှေ့ထားသည့် စည်းမျဉ်းနှင့်အညီ အမြဲတစေသုံးနှုန်းခြင်းမဟုတ်ပါ။ မျက်မမြင်များကို 'blind persons', 'people who are blind' ဟုသုံးနှုန်းခြင်း၊ နားမကြားသူများကို 'deaf သို့မဟုတ် deafblind persons' ဟု သုံးနှုန်းခြင်းကဲ့သို့ ခြွင်းချက်များရှိပါသည်။ မသန်စွမ်းသူများမှာ အားလုံးတစ်ပြေးညီမဟုတ်ဘဲ မတူညီသော နည်းလမ်းများဖြင့် မိမိတို့ကိုယ်ကို ခေါ်ဝေါ်ခြင်းများ ရှိနိုင်ပါသည်။ ယင်းသို့ ဝိသေသခံယူမှုများ (identities) ကို အလေးဂရုပြုလျက် အသိအမှတ်ပြုသင့်ပါသည် (UN Office at Geneva n.d.)။

UNCRPD တွင် အင်္ဂလိပ်ဘာသာဖြင့် လူကိုရှေ့ထားသည့် အသုံးအနှုန်း ( persons with disabilities') ဟု အသုံးပြုထားပြီး 'မသန်စွမ်းသူများ' ကို ရည်ညွှန်းရာတွင် အများဆုံး လက်ခံအသုံးပြုကြသည့် အသုံးအနှုန်းလည်း ဖြစ်ပါသည်။

မသန်စွမ်းသူများမှာ သဘောသဘာဝအားဖြင့် အန္တရာယ်ကျရောက်လွယ်သည်/ဘဝရပ်တည်ရန်ခက်ခဲသည်ဟု ဖော်ပြခြင်းများကိုရှောင်ရှားသင့်ပါသည်။ အန္တရာယ်ကျရောက်လွယ်ခြင်း/ဘဝရပ်တည်ရန် ခက်ခဲခြင်းမှာ ပြင်ပအခြေအနေများကြောင့် ပေါ်ပေါက်ပြီး လူတစ်ဦးသို့မဟုတ် အုပ်စုတစ်စု၏ သဘောသဘာဝကြောင့်မဟုတ်ပါ။ အချို့သောအခြေအနေ သို့မဟုတ် အချိန်ကာလတွင် မည်သူမဆို အန္တရာယ်ကျရောက်လွယ်/ ဘဝရပ်တည်ရန်ခက်ခဲနိုင်သည်သာ ဖြစ်ပါသည်။ အချို့မသန်စွမ်းသူများသည် အခြားအုပ်စုများထက် အချို့သောပြစ်မှုများ ကျူးလွန်ခံရမည့် အန္တရာယ်ပိုမိုကျရောက်လွယ်ပါသည်။ ဥပမာ ဂျန်ဒါအခြေပြုအကြမ်းဖက်မှု ပိုမိုကြုံတွေ့ရနိုင်ပါသည်။ အခြားသူက မိမိအမည်နှင့်ကိုယ်ရေးအချက်များအသုံးပြု၍ လိမ်လည်မှု (identity theft) ကဲ့သို့သော အခြားပြစ်မှုများ ကျူးလွန်ခံရမည့် အန္တရာယ်မှာမူ ပိုမိုနည်းပါးပါသည်။ အန္တရာယ် ကျရောက်လွယ်မှု/ဘဝရပ်တည်ရန်ခက်ခဲမှုကို ဖြစ်ပေါ်စေသော အတားအဆီးနှင့် အခြေအနေများကို ဖြေရှင်းလိုက်သောအခါ မသန်စွမ်းသူများသည် အန္တရာယ်ကျရောက်လွယ်ခြင်း/ ဘဝရပ်တည်ရန်ခက်ခဲခြင်း မရှိတော့ပါ (UN Office at Geneva n.d.)။

မသန်စွမ်းသူများနှင့် စပ်လျဉ်းသည့် လွဲမှားစွာသတ်မှတ်ခြင်းနှင့် တရားသေအယူအဆများကို ရှောင်ရှားသင့်ပါသည်။ လူတစ်ဦး၏ မသန်စွမ်းမှု သို့မဟုတ် ချို့ယွင်းအားနည်းမှုကို

သက်ဆိုင်မှုမရှိဘဲ ထည့်သွင်းဖော်ပြခြင်း မပြုသင့်ပါ။ ကျွမ်းကျင်မှုများ သို့မဟုတ် လိုအပ်ချက်များကိုသာဖော်ပြရန်လိုအပ်ပြီး မသန်စွမ်းမှုကို ရှင်းလင်းစေသည့် သို့မဟုတ် အသုံးဝင်သည့် သတင်းအချက်အလက်ဖြစ်မှသာ ဖော်ပြသင့်ပါသည် (UN Office at Geneva n.d.)။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စကားအသုံးအနှုန်းများမှာ စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲလျက်ရှိသည်ကိုလည်း သတိမူရန် အရေးကြီးပါသည်။ ဘာသာစကားတစ်ခုမှ တစ်ခုသို့ ဘာသာပြန်ဆိုရာတွင် နယ်မြေခံ မသန်စွမ်းသူအသိုက်အဝန်းက အသုံးပြုသော ပိုမိုနှစ်သက်သည့် ဝေါဟာရအသုံးအနှုန်းများကို တိကျမှန်ကန်စွာ ထင်ဟပ်လျက် ပြန်ဆိုခြင်းမရှိသည်များ ဖြစ်နိုင်ပါသည်။ ဝေါဟာရအသုံးအနှုန်း သင့်တင့်လျောက်ပတ်မှုရှိစေရန် နယ်မြေခံ မသန်စွမ်းအခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

မြန်မာနိုင်ငံ ကြားကာလအစိုးရအဖွဲ့အစည်းများ အဆင့်အားလုံးသည် ဆက်သွယ်ပြောဆိုမှုအားလုံးတွင် လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) ကဲ့သို့ အရေးပါသော စာတမ်းများတွင်လည်းကောင်း၊ အနာဂတ် အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သို့မဟုတ် အဓိက ဥပဒေများတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အသိပညာမြှင့်တင်ရေး လုပ်ငန်းများတွင်လည်းကောင်း၊ ဝေါဟာရအသုံးအနှုန်း သင့်တင့်လျောက်ပတ်မှုကို သိလွယ်မြင်လွယ် အရေးတယူရှိပြီး မြန်မာဘာသာစကားနှင့် အခြားဘာသာစကားများတွင် မသန်စွမ်းသူများအတွက် သင့်တော်သည့် ဝေါဟာရများကို စဉ်းစားရွေးချယ်သုံးနှုန်းသင့်ပါသည်။

# ရည်ညွှန်းစာအုပ်စာတမ်းများ


Bolivia, Constitution of Bolivia, 2009, <https://www.constituteproject.org/constitution/Bolivia_2009>, accessed 30 January 2024 (ဘိုလစ်ဗီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ)

Brazil, Federal Republic of, Constitution of the Federal Republic of Brazil, Third Edition, 2010, <https://www.oas.org/es/sla/ddi/docs/acceso_informacion_base_dc_leyes_pais_b_1_en.pdf>, accessed 30 January 2024 (ဘရာဇီးဖက်ဒရယ် သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ)

Burma News International (BNI), 'Almost all opportunities for people with disabilities lost after coup', 1 October 2022a, <https://www.bnionline.net/en/news/almost-all-opportunities-people-disabilities-lost-after-coup>, accessed 3 January 2024 (အာဏာသိမ်းမှုနောက် မသန်စွမ်းသူများအတွက် အခွင့်အလမ်းများ အားလုံးနီးပါး ဆုံးရှုံးခဲ့ရခြင်း)

—, 'Disabled face discrimination in Myanmar', 21 July 2022b, <https://www.bnionline.net/en/news/disabled-face-discrimination-myanmar>, accessed 2 January 2024 (မသန်စွမ်းသူများကို ရုပ်သွင်အကြောင်းပြု ခွဲခြားဆက်ဆံမှု)

N. Cheesman, M. Skidmore and T. Wilson (eds), *Ruling Myanmar: From Cyclone Nargis to National Elections* (Singapore: Institute of Southeast Asian Studies Publishing, 2010) (မြန်မာနိုင်ငံအုပ်ချုပ်မှု - နာဂစ်မုန်တိုင်းမှ တစ်နိုင်ငံလုံးရွေးကောက်ပွဲ များသို့)

Fiji, Constitution of Fiji 2013, <https://www.constituteproject.org/constitution/Fiji_2013>, accessed 30 January 2024 (ဖီဂျီနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ)

Global Disability Rights Now, 'Utilizing quotas to increase political participation of persons with disabilities', 7 November 2017, <https://miusa.globaldisabilityrightsnow.org/utilizing-quotas-increase-political-participation-persons-disabilities>, accessed 3 January 2024 (မသန်စွမ်းသူများ နိုင်ငံရေးပါဝင်ဆောင်ရွက်မှု တိုးမြှင့်လာစေရန် ခွဲတမ်းများကို အသုံးပြုခြင်း)

—, 'Building disability rights through inclusive constitutions', 5 June 2018, <https://miusa.globaldisabilityrightsnow.org/building-disability-rights-through-inclusive-constitutions>, accessed 3 January 2024 (လူတိုင်း အကျုံးဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် မသန်စွမ်းအခွင့်အရေးများကို တည်ဆောက်ခြင်း)

Heymann, J., Sprague, A. and Raub, A., *Advancing Equality: How Constitutional Rights Can Make a Difference Worldwide* (Oakland: University of California

Press, 2020), <https://doi.org/10.1525/luminos.81> (တန်းတူညီမျှမှုကို မြှင့်တင်ခြင်း - ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခွင့်အရေးများ ထည့်သွင်းပြဋ္ဌာန်းခြင်းဖြင့် ကမ္ဘာတစ်ဝန်း ထူးခြားမှုရှိနိုင်ခြင်း)

Khum, T. N., 'Women and girls with disabilities face double discrimination in Myanmar', ActionAid Myanmar, 20 May 2019, <https://myanmar.actionaid.org/stories/2019/women-and-girls-disabilities-face-double-discrimination-myanmar>, accessed 2 January 2024 (မြန်မာနိုင်ငံတွင် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးများသည် နှစ်ထပ်ကွမ်း ခွဲခြားဆက်ဆံမှု တွေ့ကြုံရခြင်း)

Malawi, Constitution of Malawi 1994 (rev. 2017), <https://www.constituteproject.org/constitution/Malawi_2017>, accessed 30 January 2024 (မာလာဝီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ)

Maldives, Constitution of the Maldives, 2008, <https://www.constituteproject.org/constitution/Maldives_2008>, accessed 30 January 2024 (မော်လဒိုက်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ)

Mariga, L., McConkey, R. and Myezwa, H., *Inclusive Education in Low-Income Countries: A Resource Book for Teacher Educators, Parent Trainers and Community Development Workers* (Cape Town: Atlas Alliance and Disability Innovations Africa, 2014) (ဝင်ငွေနည်းနိုင်ငံများတွင် လူတိုင်းအကျုံးဝင်ပညာရေး - ဆရာဖြစ်သင်သင်တန်းပို့ချသူများ၊ မိဘများအတွက် သင်တန်းပို့ချသူများနှင့် ရပ်ရွာလူထုအသိုက်အဝန်း ဖွံ့ဖြိုးရေးလုပ်ဆောင်သူများအတွက် ရည်ညွှန်းစာအုပ်)

Myanmar, Republic of the Union of, Myanmar National Social Protection Strategic Plan (Republic of the Union of Myanmar, 2014), <https://www.social-protection.org/gimi/gess/Media.action;jsessionid=y7pmQzlFuiPHBy1Ema426s-wqPq6_MJB-R0abpne3XORvwgQbwKf2!1945465934?id=14768>, accessed 2 January 2024 (မြန်မာနိုင်ငံ အမျိုးသားလူမှုကာကွယ်စောင့်ရှောက်မှု မဟာဗျူဟာစီမံကိန်း)

—, Ministry of Humanitarian Affairs and Disaster Management (MoHADM), 'Commitments to the rights of persons with disabilities', 16 February 2022, unpublished (မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကတိကဝတ်ပြုချက်များ၊ ပုံနှိပ်ထုတ်ဝေခြင်းမရှိ)

Saha, S. R., 'Working through Ambiguity: International NGOs in Myanmar', Hauser Center for Nonprofit Organizations, Harvard University, September 2011, <https://www.pkforum.org/partnerships>, accessed 2 January 2024 (အဓိပ္ပာယ်အမျိုးမျိုး ရှိနိုင်သည့်အကြားမှ လုပ်ငန်းဆောင်ရွက်ခြင်း - မြန်မာနိုင်ငံရှိ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ)

Sedona, *Disability Terminology Handbook*, 2019, <https://www.myanmaritv.com/news/disability-terminology-handbook-launched-correct-usage>, accessed 2 January 2024 (ဝေါဟာရအသုံးအနှုန်းများလက်စွဲလမ်းညွှန်စာအုပ်)

Soe, S. K. Z., 'Influence of donor aid policy on disability inclusion in Myanmar', Thesis, 7 May 2019, <https://ses.library.usyd.edu.au/handle/2123/20373>, accessed 2 January 2024 (မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အားလုံးအကျုံးဝင်ပါဝင်မှုအပေါ် အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီပေးရေးမူဝါဒ၏ သြဇာသက်ရောက်မှု၊ စာတမ်း)

Spain, Constitution of Spain 1978 (rev. 2011), <https://www.constituteproject.org/constitution/Spain_2011>, accessed 30 January 2024 (စပိန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ)

United Nations, Convention on the Rights of Persons with Disabilities and Optional Protocol, 2006, <https://www.un.org/disabilities/documents/convention/convoptprot-e.pdf>, accessed 2 January 2024 (မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ သဘောတူစာချုပ်)

United Nations Committee on the Rights of Persons with Disabilities, 'Initial report submitted by Myanmar under article 35 of the Convention, due in 2014', 6 October 2017, <https://docstore.ohchr.org/SelfServices/FilesHandler.ashx?enc=6QkG1d%2FPPRiCAqhKb7yhshuiKFgJsJP%2BQzmzZEkEiuT55LxYf%2F1V00bQkV8mShK7XGZ3iAmW5hqniBhJZFkHJxHNHXi3TUV7gsSYoiApMbVfncLj0LRA6zmgRILYLdlH>, accessed 2 January 2024 (မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီ၊ ကွန်ဗင်းရှင်းအပိုဒ် ၃၅ အရ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် တင်သွင်းရန်အချိန်ကျရောက်သည့် ကနဦးအစီရင်ခံစာ)

—, 'Committee on the Rights of Persons with Disabilities stresses the needs to address the situation of women, girls and ethnic minorities in dialogue with Myanmar', 29 August 2019a, <https://www.ohchr.org/en/press-releases/2019/08/committee-rights-persons-disabilities-stresses-needs-address-situation-women>, accessed 2 January 2024 (မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီက မြန်မာနိုင်ငံနှင့် ဆွေးနွေးလျက် အမျိုးသမီးများ၊ မိန်းကလေးများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အလေးအနက်ဖော်ပြခြင်း)

—, 'Concluding observations on the initial report of Myanmar', 22 October 2019b, <https://docstore.ohchr.org/SelfServices/FilesHandler.ashx?enc=6QkG1d%2FPPRiCAqhKb7yhshuiKFgJsJP%2BQzmzZEkEiuSXrNJ2eH2jJu%2B2FNPv9EPtd%2B09hJKgHZ5wbxjQrNt4paUeCAmQiiXHt%2BOiXGf%2Bs7SwjtIxXiXNkQ2K1CGSEWqY>, accessed 2 January 2024 (မြန်မာနိုင်ငံ၏ ကနဦးအစီရင်ခံစာနှင့်စပ်လျဉ်း၍ နိဂုံးချုပ်ဖော်ပြချက်များ)

United Nations General Assembly Human Rights Council, 'National Report Submitted in Accordance with Paragraph 5 of the Annex to Human Rights Council Resolution 16/21, Myanmar', A/HRC/WG.6/37/MMR/1, 2 November 2020, <https://digitallibrary.un.org/record/3893960?ln=en>, accessed 22 January 2024 (လူ့အခွင့်အရေးများကောင်စီ ဆုံးဖြတ်ချက် ၁၆/၂၁ ၏ နောက်ဆက်တွဲ စာပိုဒ် ၅ နှင့်အညီ မြန်မာနိုင်ငံကတင်သွင်းသော နိုင်ငံအလိုက် အစီရင်ခံစာ)

—, 'Report of the Working Group on the Universal Periodic Review', A/HRC/47/13, 12 April 2021, <https://www.ohchr.org/en/documents/country-reports/ahrc4713-report-working-group-universal-periodic-review-myanmar>, accessed 22 January 2024 (ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR) ဆိုင်ရာ လုပ်ငန်းအုပ်စု၏ အစီရင်ခံစာ)

United Nations Human Rights Special Procedures, 'International Principles and Guidelines on Access to Justice for Persons with Disabilities', August 2020, <https://www.ohchr.org/sites/default/files/Documents/Issues/Disability/SR_Disability/GoodPractices/Access-to-Justice-EN.pdf>, accessed 22 January 2024 (မသန်စွမ်းသူများအတွက် တရားမျှတမှု လက်လှမ်းမီရေးဆိုင်ရာ နိုင်ငံတကာမူများနှင့် လမ်းညွှန်ချက်များ)

United Nations Office at Geneva, 'Disability-Inclusive Language Guidelines', [n.d.], <https://www.ungeneva.org/sites/default/files/2021-01/Disability-Inclusive-Language-Guidelines.pdf>, accessed 3 January 2024 (မသန်စွမ်းသူများ အားလုံးအကျုံးဝင်သော အသုံးအနှုန်းဆိုင်ရာ လမ်းညွှန်ချက်များ)

United Nations Office for the Coordination of Humanitarian Affairs (OCHA), 'Humanitarian Needs Overview Myanmar', Humanitarian Programme Cycle, January 2023, <https://myanmar.un.org/sites/default/files/2023-08/Myanmar%20Humanitarian%20Needs%20Overview%20-%202023_0.pdf>, accessed 2 January 2024 (မြန်မာနိုင်ငံ လူသားချင်းစာနာရေး လိုအပ်ချက်များ ခြုံငုံဖော်ပြချက်)

United Nations Population Fund (UNFPA), 'Strengthening support and inclusion for persons with disabilities amid humanitarian crisis in Myanmar', 20 December 2022, <https://myanmar.unfpa.org/en/news/strengthening-support-and-inclusion-persons-disabilities-amid-humanitarian-crisis-myanmar>, accessed 2 January 2024 (မြန်မာနိုင်ငံ လူသားချင်းစာနာရေး အကြပ်အတည်းအတွင်း မသန်စွမ်းသူများအတွက် ပံ့ပိုးမှုနှင့် အားလုံးအကျုံးဝင်မှု ပိုမိုအားကောင်းစေရေး)

Ware, A., *Context-sensitive Development: How International NGOs Operate in Myanmar* (Melbourne, Vic: Deakin University, 2014) (ပကတိအခြေအနေကို စာနာနားလည်သော ဖွံ့ဖြိုးရေး - မြန်မာနိုင်ငံတွင် နိုင်ငံတကာ NGO များ လုပ်ငန်းဆောင်ရွက်ပုံ)

## အတိုကောက်အသုံးအနှုန်းများ (Abbreviations)

| | |
|---|---|
| **CRPH** | Committee Representing the Pyidaungsu Hluttaw<br>ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| **CSO** | Civil society organization အရပ်ဘက်လူမှုအဖွဲ့အစည်း |
| **FDC** | Federal Democracy Charter ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် |
| **ICCPR** | International Covenant on Civil and Political Rights<br>ပြည်သူလူထုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် |
| **JCC** | Joint Coordination Committee ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| **MCERP** | Myanmar Coordination Initiative for Equal Rights of People with Disabilities မြန်မာနိုင်ငံ မသန်စွမ်းသူများခွင့်တူညီမျှပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| **MoE** | Ministry of Education ပညာရေးဝန်ကြီးဌာန |
| **MoHADM** | Ministry of Humanitarian Affairs and Disaster Management<br>လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန |
| **NGO** | Non-governmental organization အစိုးရမဟုတ်သောအဖွဲ့အစည်း |
| **NUCC** | National Unity Consultative Council အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ |
| **NUG** | National Unity Government အမျိုးသားညီညွတ်ရေးအစိုးရ |
| **OCHA** | United Nations Office for the Coordination of Humanitarian Affairs<br>လူသားချင်းစာနာရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး ကုလသမဂ္ဂရုံး |
| **PWD** | Persons with disabilities မသန်စွမ်းသူများ |
| **UNCRPD** | United Nations Convention on the Rights of Persons with Disabilities<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း |

## About the author စာရေးသူအကြောင်း

Nathalie Ebead (နာတာလီအီဘိဒ်) သည် International IDEA အဖွဲ့၏ မြန်မာနိုင်ငံ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းအစီအစဉ် ပရိုဂရမ်မန်နေဂျာ ဖြစ်ပါသည်။ ဤတာဝန်ကို မထမ်းဆောင်မီ ၂၀၂၂ ခုနှစ်က International IDEA အဖွဲ့၏ MyConstitution လုပ်ငန်းအစီအစဉ် ပရိုဂရမ်မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဥရောပသမဂ္ဂရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွေးကောက်ပွဲများနှင့် ဒီမိုကရေစီ ပံ့ပိုးရေး (Support to Elections and Democracy) (STEP Democracy) လုပ်ငန်းအစီအစဉ်၏ ပရိုဂရမ်မန်နေဂျာအဖြစ်လည်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။

## အဖွဲ့အစည်းများအကြောင်း

### International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် အစိုးရများ အဖွဲ့ဝင်အဖြစ်ပါဝင်သော အဖွဲ့အစည်း (intergovernmental organization) ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံရှိပြီး ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ လုပ်ငန်းတာဝန်မှာ ကမ္ဘာတစ်ဝန်း စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဒီမိုကရေစီ ထွန်းကားရေးပံ့ပိုးမှုပေးရန် ဖြစ်ပါသည်။

*အဖွဲ့၏ လုပ်ငန်းများ*

အဖွဲ့သည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များအောက်တွင် အကျုံးဝင်သော ရွေးကောက်ပွဲများ၊ လွှတ်တော်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဒစ်ဂျစ်တယ်စနစ်အသုံးပြုခြင်း၊ ရာသီဥတု အပြောင်းအလဲ၊ အားလုံးအကျုံးဝင်ပါဝင်မှုနှင့် နိုင်ငံရေးကိုယ်စားပြုမှု ဆိုင်ရာ မူဝါဒချမှတ်ကျင့်သုံးရာတွင် အသုံးတည့်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပါသည်။ အဖွဲ့၏ တစ်မူထူးခြားသော ကမ္ဘာတစ်ဝန်း ဒီမိုကရေစီအခြေပြ အညွှန်းကိန်းများ (Global State of Democracy Indices) နှင့် ဒီမိုကရေစီစောင့်ကြည့်ကိရိယာ (Democracy Tracker) ကိုအသုံးပြုလျက် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီစနစ်များကျင့်သုံးနေမှုကို အကဲဖြတ်သုံးသပ်ပါသည်။

အစိုးရများ၊ လွှတ်တော်များ၊ ရွေးကောက်ပွဲအရာရှိများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် ဒီမိုကရေစီအရေး ဆောင်ရွက်သူများအား စွမ်းဆောင်ရည်တည်ဆောက်ရေးနှင့် ကျွမ်းကျင်သူ အကြံဉာဏ်ပေးပါသည်။ နည်းလမ်းကိရိယာများ ဖော်ထုတ်ရေးဆွဲပြီး အချက်အလက်မှတ်တမ်းစု (database) များ၊ စာအုပ်များ၊ အခြေခံဖတ်စာ စာအုပ်များကို ဘာသာစကားအသီးသီးဖြင့် မဲဆန္ဒရှင်များ လာရောက်မဲပေးမှုမှအစပြု၍ ဂျန်ဒါခွဲတမ်းများအထိ အကြောင်းအရာစုံလင်စွာပြုစုလျက် ပုံနှိပ်ထုတ်ဝေပါသည်။

အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းဆောင်ရွက်သူများ အတူတကွဆွေးနွေးလျက် လေ့လာသင်ယူနိုင်သည့် သင်ခန်းစာများကို မျှဝေနိုင်ရန် စီစဉ်ပေးပါသည်။ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီကို အားပေးမြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ရပ်တည်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းများ လုပ်ဆောင်ပါသည်။

*လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသများ*

ရုံးချုပ်မှာ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသရုံးများနှင့်နိုင်ငံရုံးများကို အာဖရိကတိုက်၊ အာရှတိုက်နှင့် ပစိဖိတ်ဒေသ၊ ဥရောပတိုက်နှင့် လက်တင်အမေရိကဒေသ၊ ကယ်ရစ်ဘီယံဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။

International IDEA အဖွဲ့သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့အစည်းများထံမှလည်း အသိအမှတ်ပြုလွှာများ ရရှိလုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

### *စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် အချက်အလက်မှတ်တမ်းစု (database) များ တည်ထောင်ထားရှိခြင်း*

အဖွဲ့က ထုတ်ဝေထားသော စာအုပ်စာတမ်းများ ကက်တလောက်တွင် စာအုပ်စာတမ်း ၁၀၀၀ ကျော် ရှိပါသည်။ အဖွဲ့၏ ဝက်ဆိုက်တွင် ပြုစုထားရှိသော အချက်အလက်မှတ်တမ်းစု (database) များမှာ ၂၅ ခု ကျော်ပါသည်။ အဖွဲ့က ထုတ်ဝေထားသော စာအုပ်စာတမ်း အများစုမှာ အခမဲ့ဒေါင်းလုပ် ရယူနိုင်ပါသည်။

<https://www.idea.int>

## MCERP အကြောင်း

မသန်စွမ်းသူများ ခွင့်တူညီမျှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Myanmar Coordination Initiative of Equal Rights for Persons with Disabilities) (MCERP) သည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် စည်းရုံးတိုက်တွန်းရေးနှင့် သုတေသနအဖွဲ့အစည်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ပံ့ပိုးမှုပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ မသန်စွမ်းတက်ကြွလှုပ်ရှားသူများ၊ မသန်စွမ်းမှုကို အဓိကထားလျက် သုတေသနပြုလုပ်သူများ ပါဝင်ဖွဲ့စည်းထားပြီး မသန်စွမ်းသူများအတွက် အခွင့်အလမ်းများတိုးတက်ရရှိရန် ပံ့ပိုးရေး၊ မြန်မာနိုင်ငံ ပဋိပက္ခကြောင့် ထိခိုက်သောဒေသများတွင် မသန်စွမ်းမှုဆိုင်ရာ အဖွဲ့အစည်းများ တုံ့ပြန်ဆောင်ရွက်မှု အားကောင်းစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**© 2024 International Institute for Democracy and Electoral Assistance**

© ၂၀၂၄ ခုနှစ် - International Institute for Democracy and Electoral Assistance International (International IDEA) (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများမစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများဖြစ်သည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareA-like 3.0 (CC BY-NC#SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည်စီစဉ်ခြင်း၊ လိုက်လျောညီထွေပြုပြင်ခြင်းများကို စီးပွားဖြစ် ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသော လိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

စာမူတည်းဖြတ် - Prepress

*ဒီဇိုင်းနှင့် အခင်းအကျင်း* - International IDEA

*DOI*: <https://doi.org/10.31752/idea.2024.21>

*ISBN*: 978-91-7671-754-7 (PDF)

**International IDEA**
Strömsborg
SE-103 34 Stockholm
SWEDEN
+46 8 698 37 00
info@idea.int
www.idea.int